| မြတ်ဗုဒ္ဓ၏အဆုံးအမတရား |
| --- |
| သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ** |

# မြဝတီ

နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၃)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၇ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့နှင့် မတ်လ ၅ ရက်နေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့၊ အစိုးရည့်ဂေဟာ K2 ရှိအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် **စာမျက်နှာ ၁၇ ကော်လံ ၁**☆


ကုန်ဆုံးသွားသောစွမ်းအားများ
DAGON MALTA FRESH
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၇ ရက်)

# နိုင်ငံ့အကျိုးအတွက် ပညာကို အားသွန်ခွန်စိုက်သင်ယူကြရန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကိုမြှင့်တင်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ပြည်တွင်းမှပညာထူးချွန်ထက်မြက်သူများကိုလည်း ပြည်ပသို့ပညာတော်သင်အဖြစ်  ပို့ဆောင်ပေးလျက်ရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၄ ရက် ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသား အရာရှိများအား မော်စကိုမြို့ရှိ Radisson Collection ဟိုတယ် Conference Hall ၌တွေ့ဆုံအမှာစကားပြောကြားစဉ် **“ပညာတော်သင်များစေလွှတ်ရာတွင် သာမန်ထက်ထူးချွန်သည့်သူများကိုရွေးချယ်၍ ပညာတော်သင်များစေလွှတ်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရေးသာမက ရုရှားဘာသာစကားတတ်မြောက်ရေးအတွက်လည်း အခြေခံများသင်ကြားပြီးမှ ရုရှားနိုင်ငံသို့ပညာတော်သင်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော်ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် တန်ဖိုးမဖြတ်နိုင်သော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ကိုယ်ကိုတန်ဖိုးထားစေချင်ကြောင်း၊ နိုင်ငံအတွက်လိုအပ်ချက်များရှိခြင်းကြောင့် ပညာတော်သင်များစေလွှတ်ခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ရွေးချယ်ခံရသည့်ထူးချွန်သူများဖြစ်သည်နှင့်အညီ ဆက်လက်၍လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်”** တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်မှာ သာမန်ချစ်ကြည်ရေးခရီးစဉ်ထက်ပိုမိုလေးနက်သည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်သည်။ ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတအပါအဝင် ရုရှားနိုင်ငံဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့ဖြင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့သည်။ ဆက်လက်၍လည်း ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုများတွင် စစ်ဘက်၊ အရပ်ဘက် ပညာသင်ကြားရေးကိစ္စရပ်များလည်း ပါဝင်ကြောင်းသိရှိရသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိလျက်ရှိသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများ ဘွဲ့လွန်ပညာများသင်ကြားရာတွင် အချိန်နှင့်ငွေကြေးများ စိုက်ထုတ်သုံးစွဲကြရသည်။ မိမိကိုယ်တိုင်ကုန်ကျရခြင်းများရှိသကဲ့သို့ နိုင်ငံတော်မှငွေကြေးကုန်ကျရခြင်းများလည်းရှိသည်။ မိမိတို့၏အချိန်၊ ငွေကြေးနှင့်လုပ်အားများပေးဆပ်ထားရခြင်းကြောင့် ပညာသင်ကြားမှုများမထိခိုက်အောင် စည်းကမ်းစနစ်တကျနေထိုင်ကြရမည်ဖြစ်သည်။ သာမန်ထက်ထူးချွန်သည့်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပြီး ထူးချွန်ထက်မြက်သည့် ထိုက်တန်သောဘွဲ့ရပညာတတ်များဖြစ်စေရပေမည်။ ထူးချွန်စွာဆောင်ရွက်နိုင်မည်ဆိုပါက “သားရွှေအိုးထမ်းလာသည်” ဆိုသကဲ့သို့ မိမိအတွက်၊ နိုင်ငံတော်အတွက် အကျိုးခံစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များစွာပေါ်ထွန်းရေးကိုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ များစွာလိုအပ်ရာ ကျောင်းနေအရွယ်တွင် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကိုလိုက်နာမည်ဆိုပါက လူတစ်ဦးအတွက် စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုနှင့်အသိပညာ၊ အတတ်ပညာများပြည့်ဝစေသည်။ ထိုသူများမှာပညာရေးအားနည်းသူများထက် ပိုမိုသာလွန်သည်ကိုတွေ့ရသည်။ နိုင်ငံသားအားလုံး ပညာတတ်များဖြစ်ရန်လိုအပ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြင့်မားစေရန် KG + 9 ထိ ပညာသင်ကြားနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်ပပညာတော်သင်များအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးစနစ်၊ ဥရောပနိုင်ငံများ၏ပညာရေးစနစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၏ပညာရေးစနစ်ကို လေ့လာ၍ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့်ကဏ္ဍများကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ပြီး မိမိတို့နိုင်ငံအတွက် လိုအပ်သည့်နည်းပညာများ တိုးတက်စေရေး ကြိုးပမ်းသင်ယူကြရမည်ဖြစ်သည်။ အလားတူ AI နှင့်ပတ်သက်၍လည်း စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်သည်။ ရုရှားဘာသာရပ်နှင့်ပတ်သက်၍ အသုံးချခြင်းအားဖြင့် ရုရှား-မြန်မာ ချစ်ကြည်ရေးကို တိုးတက်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံဘက်မှ ထောက်ခံရပ်တည်ပေးခဲ့သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိပေရာ ရုရှား-မြန်မာချစ်ကြည်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မိမိတို့ကိုယ်တိုင်သစ္စာရှိရန်၊ မိမိအဖွဲ့အစည်းအပေါ်သစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ်သစ္စာရှိရန် နိုင်ငံတော်အကြီးအကဲက အလေးထားမှာကြားထားသည်။ ထို့ကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ကြားနေသူများအားလုံးမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရည်မြော်တွေးကာ ပညာကိုတတ်မြောက်ကျွမ်းကျင်အောင်သင်ယူကြပြီး မိမိနိုင်ငံ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**( ခ ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာ့သနပ်ခါး နံ့သာလိမ်းခြယ်ပွဲကျင်းပ




မြန်အောင် မတ် ၆

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြို့မနေခြည်စျေးရှေ့တွင် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက်အထောက်အကူဖြစ်စေရေးနှင့်မြန်မာ့ရိုးရာသနပ်ခါးကို တန်ဖိုးထားမြတ်နိုးတတ်စေရေးအတွက် မတ်လ ၅ ရက်နံနက်ပိုင်းတွင် မြန်မာ့သနပ်ခါးနံ့သာလိမ်းခြယ်ပွဲ ကျင်းပသည်။

အဆိုပါမြန်မာ့သနပ်ခါးနံ့သာလိမ်းခြယ်ပွဲတွင်မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးမြင့်နိုင်က မြန်မာ့ရိုးရာအမွေအနှစ်ဆင်ယင်ထုံးဖွဲ့ဓလေ့စရိုက်များထဲတွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်ထင်ရှားလာစေရန်နှင့်မြန်မာ့သနပ်ခါးသမိုင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ စျေးရောင်းစျေးဝယ်လာပြည်သူများအားသနပ်ခါးနံ့သာလိမ်းခြယ်ပေးကြသည်။

အဆိုပါမြန်မာ့သနပ်ခါးနံ့သာလိမ်းခြယ်ပွဲသို့ မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးမြင့်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျင်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များတက်ရောက်၍ စျေးရောင်းစျေးဝယ်လာပြည်သူများအား သနပ်ခါးနံ့သာလိမ်းခြယ်ပေးကြကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## ပုရစ်ဖူးဝေဖြာ နွေညီလာ

* ဖူးပုရစ်များ၊ ထူးသစ်လှပစွာ
နွေရင်ခွင်ထဲ၊ စဉ်မြဲပေါ်ထွန်းလာ
နွေအခင်းမှာ၊ ထွက်လာအပေါင်း
ဝေမြဲသာပေ၊ စိမ်းစိုနေ
စိုပြည်သာယာ ကြောင်းရယ်နှင့်လေး။

* ဆောင်းမှနွေပြောင်း၊ အောင်ကြောင်းအခါတွင်
အညွန့်အလန်း၊ တင့်ဆန်းသည်သာလျှင်
အမြင့်မှန်းပုံသွင်၊ ဂုဏ်အင်ပြသ
နိမိတ်ရေးရာ၊ ဝင့်ကြွားစွာ
ကြည်သာစုံလင် လှသည်နှင့်လေး။

* မြန်ပြည်သာစွ၊ များလှရှုမကုန်
မြိုင်ဆိုဝေနေ၊ ကြည့်ရှုအဖုံဖုံ
မြရွက်လွှာစုံ၊ ဆင်းဂုဏ်တင့်ကြွား
သာစွတစ်ခွင်၊ စိမ်းစိုလွှင်
ရှုမြင်အလှ များသည်နှင့်လေး။

* စိမ်းစိုဆင့်ပွား၊ ရွက်များစုံလင်ချိန်
မပျက်ဆက်ဆက်၊ စိုလက်မည့်ဂုဏ်သိန်
နွေ၏စံအိမ်၊ လင်းထိန်ရွှန်းမြောက်
ရွက်နုပေါင်းစုံ၊ သူတို့ဂုဏ်
ရှိန်ဟုန်ရွှန်းလဲ့ တောက်သည်နှင့်လေး။

* လမ်းတစ်လျှောက် နွေညီလာ ပီကာသတော့သည်။
ဝမ်းမြောက် ဝေစည်သာ ညီညာ လှတော့သည်။ ။

**ချမ်းမြဆောင်း(ကလော)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၇-၃-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၀:၂၀ | စာလာတယ်ဗျို့ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၂၅(သောကြာနေ့)

| | |
|---|---|
| ၁။၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။၀၈:၀၀ | စိုက်ပျိုးသုတ |
| ၃။၀၉:၀၀ | ကျန်းမာသုတ |
| ၄။၁၀:၀၀ | သီချင်းလက်ဆောင် |
| ၅။၁၁:၀၀ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၆။ ၁၂:၀၀ | မြန်မာ့ရှုခင်း |
| ၇။၁၃:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈။၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၁။၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၃) သရုပ်ဆောင် ခန့်စည်သူ၊ စိုးမြတ်နန္ဒာ ( ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်))** |
| ၁၂။ | မိုးလေဝသတင်း |

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"သူရိယတိုက်၌ သိကျွမ်းရသောပုဂ္ဂိုလ်ကျော်များ အကြောင်းကိုဖော်ပြရာတွင် ဆရာတော်ဦးဥတ္တမအကြောင်း ကိုလည်း ဖော်ပြရန်လိုပေလိမ့်မည်။ သူရိယတိုက်သို့ ကျွန်ုပ် ရောက်ပြီးနောက် မကြာမီအတွင်း ဆရာတော်ဦးဥတ္တမသည် ကျွန်ုပ်၏စားပွဲသို့ လာ၍ထိုင်လေ့ရှိ၏။ ဆရာတော်သည် ကျွန်ုပ်၏ဝတ္ထုများကို ဖတ်လေ့ရှိသူဖြစ်ရာ ကျွန်ုပ်အား (ဦးဘဖေ၊ ဦးလှဖေတို့မှတစ်ပါး) တိုက်သားများအနက် တွင် စိတ်အဝင်စားဆုံးတစ်ယောက်ဖြစ်ဟန်ရှိ၏. . ."**

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် ခဲတံဖြင့် တစ်လုံးတလေမျှ ရေးမှတ်ခြင်းလည်းမရှိ။ ချက်ချင်းလည်း မရေးသေးဘဲ လေးငါးရက်ကြာသောအခါ သုံးပုဒ်စလုံးရေးပြီး တင်ပြလိုက်သည်။ ဆရာလွန်းသည် ကျွန်ုပ်၏ပထမဦးဆုံး လက်ရာဖြစ်သော ခေါင်းကြီးသုံးပုဒ်ကို ဖတ်ကြည့်ရာတွင် ဦးလှဖေ၏ဦးခေါင်းမှ ထွက်သော အကြံဉာဏ်များဟူ၍ သူသိပြီးဖြစ်သော်လည်း မြန်မာစာ ရေးပုံရေးနည်းကို သဘောကျသည့်လက္ခဏာနှင့် "ဟိုခွေးမသားတွေ ဒီလောက်မရေးတတ်ပါဘူး" ဟုဆိုကာ တိုက်အုပ်များဘက်သို့ မေးငေါ့၍ပြဖူးလေသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် ဦးလှဖေက နမူနာအဖြစ်နှင့် အယ်ဒီတာအဖွဲ့အား ရေးပြဖူးသည့် ခေါင်းကြီးတစ်ပုဒ်ကို ဖတ်ရဖူးသဖြင့် သူ၏အရေးအသားကို လေးစားလျက်ရှိပါသည်။

ဆရာလွန်းက အထက်ပါစကားကို ပြောလိုက်သောအခါတွင် ငါသည် ဦးလှဖေထက် ရေးတတ်သည်ဟု စိတ်ကြီးဝင်မသွားခြင်းကို သစ္စာပြု၍ ပြောဝံ့ပါသည်။ သို့ရာတွင် ကျွန်ုပ်၏ ပထမဦးဆုံးခေါင်းကြီးများကို ဆရာသမားဖြစ်သော ဆရာလွန်းက ထိုကဲ့သို့ပြောလိုက်သောအခါတွင်မူကား ငါသည် ခေါင်းကြီးရေးခြင်းအလုပ်တွင် လူညံ့တစ်ယောက်မဟုတ်တော့ဟု ဆိုကာ လွန်စွာအားတက်သွားပါသည်။

**ဆရာတော် ဦးဥတ္တမ**

သူရိယတိုက်၌ သိကျွမ်းရသောပုဂ္ဂိုလ်ကျော်များအကြောင်းကို ဖော်ပြရာတွင် ဆရာတော်ဦးဥတ္တမအကြောင်းကိုလည်း ဖော်ပြရန် လိုပေလိမ့်မည်။ သူရိယတိုက်သို့ ကျွန်ုပ်ရောက်ပြီးနောက် မကြာမီအတွင်း ဆရာတော်ဦးဥတ္တမသည် ကျွန်ုပ်၏စားပွဲသို့လာ၍ ထိုင်လေ့ရှိ၏။ ဆရာတော်သည် ကျွန်ုပ်၏ဝတ္ထုများကို ဖတ်လေ့ရှိသူဖြစ်ရာ ကျွန်ုပ်အား (ဦးဘဖေ၊ ဦးလှဖေတို့မှတစ်ပါး) တိုက်သားများအနက်တွင် စိတ်အဝင်စားဆုံးတစ်ယောက်ဖြစ်ဟန်ရှိ၏။ ဆရာတော်သည် အိန္ဒိယပြည်နှင့် မြန်မာပြည်တို့ကို ခေါက်တုံ့ခေါက်ပြန် ကူးသန်းသွားလာလျက်ရှိသော နိုင်ငံရေးဘုန်းကြီးတစ်ပါးဖြစ်ခြင်း၊ ရခိုင်သားဖြစ်သည်ဆိုခြင်းမှတစ်ပါး ကျွန်ုပ် ဘာမျှမသိချေ။ ကျွန်ုပ်မှာ ထိုစဉ်က စာပေမှတစ်ပါး နိုင်ငံရေး၌ စိတ်ဝင်စားခြင်းမရှိသေးသည်ဖြစ်၍ ဆရာတော်အပေါ်၌ အထင်လည်း မကြီး၊ စိတ်ဝင်စားမှုလည်းနည်းပါးလှသည်။ ကျွန်ုပ်သည် သူရိယတစ်တိုက်လုံး (မဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့်) အလုပ်အချောင်ဆုံးသောတိုက်သားတစ်ယောက်ဖြစ်သည်နှင့် လန်ဒန်တိုင်းစသောအင်္ဂလိပ်သတင်းစာကြီးများကို အများဆုံးဖတ်သူတစ်ယောက်ဖြစ်ခဲ့ဖူးရာ ဆရာတော်သည် ကျွန်ုပ် အလုပ်ချောင်ခြင်းကို သိသည်တစ်ကြောင်း၊ ဝတ္ထုဝါသနာပါ၍ ကျွန်ုပ်အား ဝတ္ထုရေးသမားတစ်ယောက်အနေဖြင့် ခင်မင်လေးစားသည် တစ်ကြောင်းကြောင့် ကျွန်ုပ်၏စားပွဲတွင်ထိုင်ကာ စကားပြောလေ့ရှိ၏။ ကျွန်ုပ်ကမူ စာဖတ်ပျက်သည်ဆိုကာ ဆရာတော်အား အသာတကြည် ပြော၍မရလျှင် ငေါက်၍ပင် ပြောမိဖူးပါသည်။

ထိုစဉ်က ဆရာတော်သည် ဘယ်ဆီမှာ ဆွမ်းဘုဉ်းပေးသည်မသိ။ ညအချိန်များတွင်မူကား သူရိယတိုက်၌ပင် ကျိန်းစက်သည်ဟု ကျွန်ုပ်သိရ၏။ ကျွန်ုပ်၏မျက်စိ၌ ဆရာတော်သည် ဘုန်းကြီး 'ကြမ်းပိုး' ထဲက ထင်မိသည်နှင့် ငေါက်ခြင်းဖြစ်ပါသည်။ "တပည့်တော်တို့က ကိုယ်တော်တို့လို လူအားမဟုတ်ဘူးဘုရား့၊ လုပ်နိုင်မှ စားရတဲ့လူတွေပါ၊ အရှင်ဘုရားလိုလေ မပန်းအားပါဘူးဘုရား" စသည်များဖြင့် ပြောမိဖူးပါသည်။ သို့သော် ဆရာတော်သည် ဤမျှဖြင့်လည်း မနာတတ်။ ဤထက် ကြမ်းကြမ်းလျှောက်၍လည်း မနာတတ်။ နှင်ထုတ်သည့်အခိုက်တွင် ခဏတစ်ဖြုတ်ထသွား၍ တော်တော်ကြာလျှင် စပ်ဖြဲစပ်ဖြဲနှင့် ရောက်လာပြန်ပါတော့သည်။ နောက်ပိုင်းတွင် မြန်မာပြည်၌ ဟုမ္မရူးတစ်စခန်းထလာသောအချိန်တွင်မူကား ကျွန်ုပ်သည် အလွန်တန်ခိုးကြီးလျက်ရှိသော 'ငယ်ပေါင်း' ဆရာတော်ဆို၍ ဖူးတွေ့ရန်ရောက်သွားသောအခါ အစောင့်အကြပ်တွေ အထပ်ထပ်ဝိုင်းရံလျက်ရှိသည်နှင့် ပုဂ္ဂိုလ်ကြီးအဆင့်ဆင့် ထံဝင်ခွင့်တောင်းပြီးမှ ဆရာတော်ရှေ့မှောက်သို့ ရောက်ရခြင်းကို ကြုံခဲ့ရဖူးပါသည်။ ထိုအခါတွင် ရှေးယခင်ကရှုပ်သည် ထင်၍ စားပွဲမှနှင်ထုတ်ခဲ့မိဖူးသောအခြင်းအရာကိုသတိရသဖြင့် ပြုံးခဲ့မိပါသေးသည်။ "ဟေ့ ဖေသိန်း၊ မင်းက ငါ့ကိုရှုပ်တယ်ဆို" ဟူသော မျက်နှာထားမျိုးပြချေမည်လောဟု ကျွန်ုပ်အကဲခတ်သေးရာ ထိုအမူအရာမျိုးကား ပြတော်မမူရှာပေ။

**အံ့ဩဖွယ် ဘုဉ်းပေးနိုင်ခြင်း**

ကျွန်ုပ်သည် ဆရာတော်အား နှင်ထုတ်မိခဲ့ဖူးသော်လည်း စင်စစ်မှာ ဆရာတော်မကြီးကျယ်သေးမီအချိန်ကပင် ဆရာတော်၏ တချို့သောစိတ်နေသဘောထားများကို ကြည်ညိုရကောင်းမှန်းသိသည်နှင့် အိမ်သို့ပင့်၍ ဆွမ်းနှစ်ကြိမ်ကျွေးဖူးပါသည်။ ဆွမ်းကျွေးခြင်းကို လူသိစေလို၍ မဟုတ်၊ ဆရာတော်ဦးဥတ္တမ၏ဘုဉ်းပေးပုံထူးခြားခြင်းကို ဖော်ပြလိုသောကြောင့် ဖြစ်ပါသည်။ ဆွမ်းနှစ်ကြိမ်ကျွေးဖူးသည့်အနက် ပထမအကြိမ်မှာ ဆွမ်းလိုက်သော ဇလုံကြီးနှင့်ဘုဉ်းပေး၍ တစ်ဇလုံလုံး အကုန်ချွတ်ခြင်းမျှလောက်သာရှိသဖြင့် စာမဖွဲ့လောက်ပါ။ သို့ရာတွင် ဒုတိယအကြိမ်ကျွေးသောအခါ၌မူ ကျွန်ုပ်ကိုယ်တိုင် တအံ့တဩဖြစ်မိသည်နှင့် ဆရာတော်ဦးဥတ္တမအကြောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိသူများအဖို့ ဖော်ပြလိုက်ပါသည်။ ဒုတိယအကြိမ်ပင့်သောအခါတွင် ဆရာတော်က "ငါ့မှာ ဆီးချိုရောဂါရှိတယ်၊ ထမင်းလည်းမစား၊ ဂျုံလည်းမစား၊ သားငါးသက်သက်သာစားတယ်" ဟု အမိန့်ရှိလိုက်၏။

ကျွန်ုပ်သည် ဆရာတော်၏ဘုဉ်းပေးနိုင်သောအစွမ်းကိုသိပြီးဖြစ်၍ အောက်ပါစားစရာများကိုချက်ပြုတ်ပြင်ဆင်ထား၏။ (၁) ကြက်တစ်ကောင်ရိုးစိ(ပြုတ်ကြော်)၊ (၂) အရည်ခပ်များများနှင့် ဘဲတစ်ကောင်စွပ်ပြုတ်၊ (၃) ဝမ်းဘဲဥခြောက်လုံးဟတ်ဘွိုင်၊ (၄) ဝက်အူချောင်းကင် ၂၅ ကျပ်သား၊ (၅) ငါးကြင်းကြော် ၂၅ ကျပ်သား၊ (၆) နွားနို့ ၅၀ ကျပ်သားတို့ကို အသင့်ပြင်ထားပြီးလျှင် မိတ်ဆွေ ကိုခင်မောင်တင့်အားလည်း ထမင်းစားဖိတ်ထား၏။ ယင်းနံနက်တွင် ကျွန်ုပ်တို့အတွက် အထူးတလည်မစီမံဘဲ ထမင်းအိုးတစ်လုံးသာ ချက်ထား၏။ ဆရာတော်ကြွလာ၍ စားပွဲ၌ထိုင်လိုက်ရာတွင် ကျွန်ုပ်တို့ဇနီးမောင်နှံနှင့် ကိုခင်မောင်တင့်သည် အနီးတွင်ထိုင်လျက် စောင့်ကြည့်နေကြ၏။ ဆရာတော်သည်ဘဲတစ်ကောင်လုံးပေါင်းပြီး ဝမ်းဘဲဥပုံပန်းကန်ကြီးတွင်ထည့်ထားသော စွပ်ပြုတ်ရည်ထဲမှ တစ်ဝက်ခန့်မျှသောအရည်များကို သောက်ချလိုက်ပြီးနောက် ဘဲသားကို ဖွဲ့၍ဘုဉ်းပေး၏။ ရင်အုပ်နှင့်ပေါင်များကုန်သည့်နောက် တောင်ပံရိုးစသည်များကို ကိုက်လိုက်သေး၏။ ယင်းနောက် ရိုးစိလုပ်ထားသောကြက်ကောင်ကို လှမ်းကိုင်၍ ဘဲကောင်ရောက်နှင့်သောနေရာသို့ ပို့လိုက်၏။ ကြွင်းကျန်သောဘဲရိုးနှင့် ကြက်ရိုးများမှာ အညီအမျှလောက်ရှိ၍ မည်သည့်အရိုးတွင်မှ အသားထူထူကပ်လျက်မရှိတော့ချေ။ ကြက်ကောင်ကုန်သည့်နောက် တစ်ဝက်ခန့်ကျန်သေးသော ဘဲစွပ်ပြုတ်ရည်ထဲမှ နောက်ထပ်တစ်ဝက်သောက်ပြန်၏။ အနီးမှထိုင်ကြည့်နေကြသော ကျွန်ုပ်တို့သုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်နေကြလေပြီ။ ယင်းနောက် ဆရာတော်သည် ဘဲဥဟတ်ဘွိုင်ခြောက်လုံးနှင့် ဝက်အူချောင်းကိုဘုဉ်းပေးရင်း ကျန်နေသေးသော ဘဲစွပ်ပြုတ်ရည်ထဲမှ တစ်ချက်တစ်ချက်တွင် တစ်ဇွန်းနှစ်ဇွန်းခပ်၍သောက်၏။ ၎င်းတို့ကျွတ်သောအခါ ငါးကြင်းကြော်ကို လှမ်းကိုင်၍ အာခြောက်သောအခါတွင် စွပ်ပြုတ်ရည်ဖြင့်ကျိုက်ချ၏။ ငါးကြော်လည်းကုန်၍ စွပ်ပြုတ်ရည်လည်း ပြောင်လေပြီ။ ဤတွင်မှ ဆရာတော်သည် နွားနို့ ၅၀ ကျပ်သားကို စကားတပြောပြောနှင့် တဖြည်းဖြည်းကျိုက်၍ကျိုက်၍ချလေရာ ကျွန်ုပ်မှာ ဆရာတော် ဘုဉ်းပေးပြီးအောင်စောင့်၍မကြည့်နေတော့ဘဲ ဖိတ်ခေါ်ထားမိသောဧည့်သည်နှင့် ကျွန်ုပ်တို့အတွက် ဘဲကင်တစ်ကောင် ပြေးဝယ်ရပါတော့သည်။ မရွံတတ်လျှင် ဆရာတော်ကိုက်၍ချထားသည့် ဘဲရိုး၊ ကြက်ရိုးများမှ အသားအကပ်အသပ်ကလေးများကို ကိုက်စုပ်ယူရန်မှတစ်ပါး ဘာတစ်ခုမျှစားစရာမကျန်တော့ပါ။ ဤသည်ကား ဆရာတော်ဦးဥတ္တမကိုယ်တော်၏ တစ်နပ်စာဆွမ်းဘုဉ်းပေးတော်မူခြင်းပေတည်း။

**ဆက်လက်ဖော်ပြပါမည်။**

## ကန့်ဘလူမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကျင်းပ



ကန့်ဘလူ မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို မတ်လ ၅ ရက်က ကန့်ဘလူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်သော်က အမျိုးသမီးများနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သိကောင်းစရာများ၊ အမျိုးသမီးများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်နိုင်ရန်၊ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အချက်များကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် အမျိုးသမီးများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

ထို့နောက်ဟောပြောပွဲသို့ တက်ရောက်လာကြသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘီလာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့်မြန်မာ အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ပိုင်းတွင် ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘီလာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်ရန်အတွက် စိန့်ပီတာ စဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှပြန်လည်ထွက်ခွာကြရာ စိန့်ပီတာ စဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် ဘီလာရုစ်နိုင်ငံ၊ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ ကြရာ ဘီလာရုစ်နိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာဘီလာရုစ်သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆို နှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘီလာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြု တပ်ဖွဲ့က နိုင်ငံတော်အဆင့်ချစ်ကြည်ရေး ခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင် များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

**စာမျက်နှာ ၆ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံ၊ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ ဘီလာရုစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာဘီလာရုစ်သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘီလာရုစ်နိုင်ငံ၊ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘီလာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြု တပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

❍ စာမျက်နှာ ၅ မှအဆက်

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မင့်စ်မြို့ရှိ The Victory Monument ရှိ လွမ်းသူ့ပန်းခွေချ အလေးပြုမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က The Victory Monument ၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်အချိန်၌ ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘီလာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့အား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ရှိ The Victory Monument ၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ချီတက်အလေးပြုခြင်းကိုခံယူစဉ်။

# မြန်မာ-ရုရှားနှစ်နိုင်ငံအကြီးအကဲများတွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ သဘောတူညီခဲ့သည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ရုရှားစွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားနိုင်ငံခရီးစဉ်အတွင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ပထမဒုတိယဝန်ကြီး Mr. Pavel Sorokin နှင့် ရုရှားနိုင်ငံတော်ပိုင်ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီ "Zarubezhneft" မှနိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲ Mr. Alesksander Boldyrev တို့ကို ယမန်နေ့နံနက် ၉ နာရီခွဲက မော်စကိုမြို့ရှိ Radisson Collection ဟိုတယ်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်းအနီး LNG Terminal တည်ဆောက်၍ ပြည်တွင်းသုံးနှင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ LNG Terminal မှတစ်ဆင့် ဆက်သွယ်မည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများတည်ဆောက်နိုင်ရန်ကိစ္စများတွင် ရင်းနှီးမြှုပ်နှံရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရေနံချက်စက်ရုံတည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ စက်သုံးဆီလိုအပ်ချက်များကို သက်သာသောဈေးနှုန်း (friendly price) ဖြင့်ရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးတွင် အဆင့်မြင့်နည်းပညာများအသုံးပြုနိုင်ရန် အကူအညီပေးရေးနှင့် အလားအလာကောင်းများရှိနေသည့် ကမ်းလွန်လုပ်ကွက်များတွင် ရုရှားကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖြစ်နိုင်ခြေဆန်းစစ်ခြင်းအား လာရောက်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

(သတင်းစဉ်)

ယမန်နေ့မှအဆက်

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ကျောင်းသူများ၏ အမည်စာရင်းကြေညာ

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် လူရည်ချွန် ကျောင်းသား/ ကျောင်းသူများ၏ အမည်စာရင်းကြေညာခြင်း**

| စဉ် | ဝန်ကြီးဌာန | တက္ကသိုလ် | ကျောင်းသား/သူ အမည် | အထူးပြုဘာသာရပ် |
|---|---|---|---|---|
| ၃၁ | ပညာရေးဝန်ကြီးဌာန | ထားဝယ်တက္ကသိုလ် | မောင်ဟိန်းထက်အောင် | ဓာတုဗေဒ |
| ၃၂ | ပညာရေးဝန်ကြီးဌာန | ရတနာပုံတက္ကသိုလ် | မနန်းအွမ်မွမ်းခမ်း | ဥပဒေပညာ |
| ၃၃ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | မသူဇာဖြိုး | သင်္ချာ |
| ၃၄ | ပညာရေးဝန်ကြီးဌာန | မိတ္ထီလာတက္ကသိုလ် | မောင်လင်းသန့်ထူး | အင်္ဂလိပ်စာ |
| ၃၅ | ပညာရေးဝန်ကြီးဌာန | ပခုက္ကူတက္ကသိုလ် | မမေမြတ်နိုးခင် | အင်္ဂလိပ်စာ |
| ၃၆ | ပညာရေးဝန်ကြီးဌာန | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | မောင်စိုးသီဟ | ဝါဏိဇ္ဇဗေဒ |
| ၃၇ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | မောင်ပိုင်သုခန့် | ဘူမိဗေဒ |
| ၃၈ | ပညာရေးဝန်ကြီးဌာန | ကျောက်ဆည်တက္ကသိုလ် | မသီရိသုန်သုန် | အင်္ဂလိပ်စာ |
| ၃၉ | ပညာရေးဝန်ကြီးဌာန | ဟသ်ာတတက္ကသိုလ် | မလမင်းဖြူ | ဓာတုဗေဒ |
| ၄၀ | ပညာရေးဝန်ကြီးဌာန | မအူပင်တက္ကသိုလ် | မောင်အောင်ထက်ဦး | အင်္ဂလိပ်စာ |
| ၄၁ | ပညာရေးဝန်ကြီးဌာန | ပင်လုံတက္ကသိုလ် | မယဉ်သွယ်အောင် | ရုက္ခဗေဒ |
| ၄၂ | ပညာရေးဝန်ကြီးဌာန | ဘားအံတက္ကသိုလ် | မောင်ခန့်ကိုအောင် | အင်္ဂလိပ်စာ |
| ၄၃ | ပညာရေးဝန်ကြီးဌာန | ကလေးတက္ကသိုလ် | မောင်ဟောက်ရှင့်ထွန်း | မြန်မာစာ |
| ၄၄ | ပညာရေးဝန်ကြီးဌာန | မြိတ်တက္ကသိုလ် | မသွန်းရွှေစင် | အင်္ဂလိပ်စာ |
| ၄၅ | ပညာရေးဝန်ကြီးဌာန | ကျိုင်းတုံတက္ကသိုလ် | နန်းလောင်ဝ်ရှဲန် | ဥပဒေပညာ |
| ၄၆ | ပညာရေးဝန်ကြီးဌာန | ပဲခူးတက္ကသိုလ် | မဆောင်းရတီဦး | ရူပဗေဒ |
| ၄၇ | ပညာရေးဝန်ကြီးဌာန | ရွှေဘိုတက္ကသိုလ် | မခိုင်စုဝေ | အင်္ဂလိပ်စာ |
| ၄၈ | ပညာရေးဝန်ကြီးဌာန | စစ်ကိုင်းတက္ကသိုလ် | မမေကျော့ရှင်း | အင်္ဂလိပ်စာ |
| ၄၉ | ပညာရေးဝန်ကြီးဌာန | ရေနံချောင်းတက္ကသိုလ် | မလွဲ့ရည်ဦး | မြန်မာစာ |
| ၅၀ | ပညာရေးဝန်ကြီးဌာန | မြင်းခြံတက္ကသိုလ် | မောင်အောင်နိုင်ထွန်း | သတ္တဗေဒ |
| ၅၁ | ပညာရေးဝန်ကြီးဌာန | မိုးညှင်းတက္ကသိုလ် | မရွှေမိုးမြင့်မြတ်သူ | သင်္ချာ |
| ၅၂ | ပညာရေးဝန်ကြီးဌာန | မန္တလာတက္ကသိုလ် | မကြေယ်စင်ပုလဲ | ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ |
| ၅၃ | ပညာရေးဝန်ကြီးဌာန | ဟားခါးတက္ကသိုလ် | မထသင်ဆွီး | အင်္ဂလိပ်စာ |
| ၅၄ | ပညာရေးဝန်ကြီးဌာန | ဟုမ္မလင်းဒီဂရီကောလိပ် | မောင်ဝမ်းတူးဖြိုး | သင်္ချာ |
| ၅၅ | ပညာရေးဝန်ကြီးဌာန | အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် | မောင်ဟန်ထွန်း | စီးပွားရေးနှင့်ဘဏ္ဍာရေးဘာသာရပ် |
| ၅၆ | ပညာရေးဝန်ကြီးဌာန | မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် | မထက်ရတီမိုး | ပညာရေး |
| ၅၇ | ပညာရေးဝန်ကြီးဌာန | လှိုင်ကော်ပညာရေးဒီဂရီကောလိပ် | မသန္တာဦး | ပညာရေး |
| ၅၈ | ပညာရေးဝန်ကြီးဌာန | ဘားအံပညာရေးဒီဂရီကောလိပ် | စောလင်းထက် | ပညာရေး |
| ၅၉ | ပညာရေးဝန်ကြီးဌာန | ဟားခါးပညာရေးဒီဂရီကောလိပ် | မောင်နန်ခန့်တွေင် | ပညာရေး |
| ၆၀ | ပညာရေးဝန်ကြီးဌာန | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် | မသဲဆုမွန် | ပညာရေး |
| ၆၁ | ပညာရေးဝန်ကြီးဌာန | မုံရွာပညာရေးဒီဂရီကောလိပ် | မောင်ဇင်မျိုးအောင် | ပညာရေး |
| ၆၂ | ပညာရေးဝန်ကြီးဌာန | ကသာပညာရေးဒီဂရီကောလိပ် | မနီနီဝင်းထက် | ပညာရေး |
| ၆၃ | ပညာရေးဝန်ကြီးဌာန | ထားဝယ်ပညာရေးဒီဂရီကောလိပ် | မအေးပြည့်ဖြိုးသန့် | ပညာရေး |
| ၆၄ | ပညာရေးဝန်ကြီးဌာန | တောင်ငူပညာရေးဒီဂရီကောလိပ် | မောင်လှိုင်ဝင်းထွန်း | ပညာရေး |
| ၆၅ | ပညာရေးဝန်ကြီးဌာန | ပြည်ပညာရေးဒီဂရီကောလိပ် | မပိုင်းစုခိုင် | ပညာရေး |
| ၆၆ | ပညာရေးဝန်ကြီးဌာန | မကွေးပညာရေးဒီဂရီကောလိပ် | မသီရိဖုန်းခန့် | ပညာရေး |
| ၆၇ | ပညာရေးဝန်ကြီးဌာန | ပခုက္ကူပညာရေးဒီဂရီကောလိပ် | မသိမ့်သိမ့်ခိုင် | ပညာရေး |
| ၆၈ | ပညာရေးဝန်ကြီးဌာန | မန္တလေးပညာရေးဒီဂရီကောလိပ် | မပန်းအိခိုင် | ပညာရေး |
| ၆၉ | ပညာရေးဝန်ကြီးဌာန | မိတ္ထီလာပညာရေးဒီဂရီကောလိပ် | မောင်ဟိန်းမြတ်အောင် | ပညာရေး |
| ၇၀ | ပညာရေးဝန်ကြီးဌာန | မော်လမြိုင်ပညာရေးဒီဂရီကောလိပ် | မဆုမြတ်မြတ်သူ | ပညာရေး |
| ၇၁ | ပညာရေးဝန်ကြီးဌာန | ကျောက်ဖြူပညာရေးဒီဂရီကောလိပ် | မောင်ဝင်းမြင့်နိုင် | ပညာရေး |
| ၇၂ | ပညာရေးဝန်ကြီးဌာန | ရန်ကင်းပညာရေးဒီဂရီကောလိပ် | မောင်စန်းထက်ဦး | ပညာရေး |
| ၇၃ | ပညာရေးဝန်ကြီးဌာန | လှည်းကူးပညာရေးဒီဂရီကောလိပ် | မဖူးသက် | ပညာရေး |
| ၇၄ | ပညာရေးဝန်ကြီးဌာန | သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ် | မမေရီယံဇူးဇူး | ပညာရေး |

ဆက်လက်ဖော်ပြပါမည်။

ယမန်နေ့မှအဆက်

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၉ | မောင်ထက်ဝေယံလင်း | အထက(၁)ဖြူး | ဖြူး | တောင်ငူ |
| ၄၀ | မမျိုးသီရိလင်း | ပန်းပျိုးခင်း(ကပက) | ဖြူး | တောင်ငူ |
| ၄၁ | မောင်အံ့ထူးသစ် | ကပက-ရွှေဝတီ | သာယာဝတီ | သာယာဝတီ |
| ၄၂ | မောင်ထက်အာကာ | အထက-အိုးသည်ကုန်း | အုတ်ဖို | သာယာဝတီ |
| ၄၃ | မအိမ့်ချမ်းမြေ့ | အလက-မင်းလှ | မင်းလှ | သာယာဝတီ |
| ၄၄ | မဆုလာဘ်ပြည့် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၄၅ | မောင်ချမ်းမြေ့အောင် | အထက-မြို့မ | ဇီးကုန်း | နတ်တလင်း |
| ၄၆ | မအိမ့်နဒီသိဏ်းလှိုင် | အထက-မြို့မ | နတ်တလင်း | နတ်တလင်း |
| ၄၇ | မောင်ဟိန်းသူရဗိုလ် | ကပက-PEC | ပြည် | ပြည် |
| ၄၈ | မရွှေဝန်းရံ | အထက-ကြာနီကန် | ရွှေတောင် | ပြည် |
| ၄၉ | မောင်တည်မင်းခန့် | ဥယျာဉ်မှူး(ကပက) | မကွေး | မကွေး |
| ၅၀ | မသန့်နွေးအိမ် | အထက(ခွဲ)-ကန်သာ | မကွေး | မကွေး |
| ၅၁ | မောင်မြတ်ဘုန်းဇော် | အထက(ခွဲ)သပြေ | ရေနံချောင်း | ချောက် |
| ၅၂ | မရွှန်းလပြည့် | အထက(၄)(အေးစေတီ) | ချောက် | ချောက် |
| ၅၃ | မောင်ပိုင်စိုးဆက်အောင် | ပညာအလင်းရောင်(ကပက) | မင်းဘူး | မင်းဘူး |
| ၅၄ | မအိမ့်ပြည့်ဖြိုး | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၅ | မောင်လမင်းခန့် | အထက - ကြို့ပင် | ကံမ | သရက် |
| ၅၆ | မထွေးအိဝင်း | အထက - ကြို့ပင် | ကံမ | သရက် |
| ၅၇ | မောင်သစ်လွင်မင်း | Grade Future (ကပက) | အောင်လံ | အောင်လံ |
| ၅၈ | မရှင်းမွန်သန့် | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၉ | မောင်ကောင်းခန့်ထွန်း | အလက(လေ့ကျင့်ရေး) | ပခုက္ကူ | ပခုက္ကူ |
| ၆၀ | မနေခြည်ဝင့်ထည် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၁ | မောင်ဘုန်းမြင့်မြတ် | အထက(၅) | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၂ | မပြည့်ဖြိုးစံ | VEC (ကပက) | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၆၃ | မောင်လင်းခန့်မောင် | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မထက်ဆုကျော် | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၅ | မောင်ဘုန်းပြည့်ကျော် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မမေပြည့်စုံကျော်သူ | ထ(ခွဲ)လ(၁) ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၇ | မောင်ဘုန်းခန့်ပိုင် | မေတ္တာ (ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၆၈ | မမိုးမခသော် | ပညာစံအိမ်(ကပက) | စဉ့်ကိုင် | ကျောက်ဆည် |
| ၆၉ | မောင်ဝေဖြိုးသော် | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၇၀ | မနှင်းဧကရီ | WSEC (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၁ | မောင်ဟိန်းထက်စံ | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မရှင်းသန့်ဖြူ | Fame- ကပက | မိတ္ထီလာ | မိတ္ထီလာ |
| ၇၃ | မောင်အောင်ခန့်စည် | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၄ | မနန္ဒာရွှန်းလဲ့ | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၅ | မောင်ခန့်ဇင်ရှင်း | ရင်သွေးငယ် (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မဆုယူလင်း | အထက(၁) ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၇ | မောင်ဘုန်းပြည့်အောင် | အထက(၂) | သထုံ | သထုံ |
| ၇၈ | မိဆုကဗျာဖြူ | အထက၊ပေါင် | ပေါင် | သထုံ |
| ၇၉ | မောင်ပြည့်ဘုန်းမြင့် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၀ | မောင်အောင်ကျော်ခန့် | အထက(၃) | မုဒုံ | မော်လမြိုင် |
| ၈၁ | မသက်မြတ်ဝတ်မှုံ | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၂ | မဝိုင်းသဥ္ဇာထက် | အထက-ပင | သံဖြူဇရပ် | မော်လမြိုင် |
| ၈၃ | မောင်မျိုးမြတ်သီဟ | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၄ | မဝင်းမြတ်မွန် | အထက(ခွဲ)စက်ရုံစု | စစ်တွေ | စစ်တွေ |

ဆက်လက်ဖော်ပြပါမည်။

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၄၀ | မဆုမွန်အေး | ငြိမ်းချမ်းရေး(ကပက) | တောင်ငူ | တောင်ငူ |
| ၄၁ | မောင်အောင်ပြည့် | အထက-ကျေးနီ | လက်ပံတန်း | သာယာဝတီ |
| ၄၂ | မောင်ဖွဲ့လင်းခန့် | အထက(၁)သာယာဝတီ | သာယာဝတီ | သာယာဝတီ |
| ၄၃ | မသဒ္ဒါထက် | အထက(၃)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၄၄ | မဆုထက်နဒီဝင်း | ZENITH(ကပက) | ကြို့ပင်ကောက် | သာယာဝတီ |
| ၄၅ | မောင်ဝေလင်းကို | စံရွှေပြည်(ကပက) | နတ်တလင်း | နတ်တလင်း |
| ၄၆ | မဆုမြတ်ရတနာ | အထက-မြို့မ | ဇီးကုန်း | နတ်တလင်း |
| ၄၇ | မောင်ယဉ်ခန့်ကျော် | အထက-အောင်ဆန်း | ပြည် | ပြည် |
| ၄၈ | မဆုလင်းပြည့် | PEC(ကပက) | ပြည် | ပြည် |
| ၄၉ | မောင်အောင်မြင့်မြတ် | နေခြည်(ကပက) | မကွေး | မကွေး |
| ၅၀ | မသဒ္ဒါဖြူစင် | IBS(ကပက) | မကွေး | မကွေး |
| ၅၁ | မောင်သုခအောင် | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၂ | မခင်ကျော့ကျော့စံ | အထက(၂)ချောက် | ချောက် | ချောက် |
| ၅၃ | မောင်ကျော်ဇင်သန့် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၄ | မဆုရတီဇင် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၅ | မောင်မင်းခန့်ကျော် | အထက - မင်းလှ | မင်းလှ | သရက် |
| ၅၆ | မသူသူမိုးစံ | အထက(ခွဲ) လ(၃) သရက် | သရက် | သရက် |
| ၅၇ | မောင်ဇေလင်းမြတ် | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၈ | မလင်းပြည့်ဦး | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၉ | မောင်ထွန်းတင့်ရာဇာ | အထက-ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၀ | မအိဖြူသင်း | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၁ | မောင်ငြိမ်းစျာန်ထွဋ် | VEC (ကပက) | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၆၂ | မယွန်းဝတီမြင့် | အထက(၁၄)ချမ်းအေးသာစံ | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၃ | မောင်ကောင်းဆက်လျှံ | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မရွှေရည်လင်းလက် | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၅ | မောင်ထွဋ်မြတ်လင်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မဆုလင်းထက် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၇ | မောင်ကောင်းဆက်စံ | UNITY (ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၆၈ | မကံ့ကော်ကိုကို | UNITY (ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၆၉ | မောင်လင်းထက်ကို | UNITY (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၀ | မမေမြတ်နိုးဇင် | UNITY (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၁ | မောင်စည်သူအောင် | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မကေမီကိုကို | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၇၃ | မောင်ဝိုင်းဘိုဇော် | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၇၄ | မအိန့်ဆောင်းရည်ယွန်း | အထက-ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၇၅ | မောင်ဇင်မင်းခန့် | အထက-လေးရွာ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မယမင်းသူဇာထွေး | ရွှေဥဩဏ်ရှင်(ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၇ | မောင်ဝင်းထွန်းကျော် | အထက၊ပေါင် | ပေါင် | သထုံ |
| ၇၈ | မပန်းခင်သီ | အထက၊ကော့ကဒွတ် | ဘီးလင်း | သထုံ |
| ၇၉ | မောင်ဘုန်းပြည့်စုံ | အထက၊ကျိုက်မရော | ကျိုက်မရော | မော်လမြိုင် |
| ၈၀ | မင်းကျော်စည်သူဟိန်း | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၁ | မကြည်နူးရွှန်းလဲ့ | အထက၊ပင | သံဖြူဇရပ် | မော်လမြိုင် |
| ၈၂ | မအလင်္ကာကဗျာ | အထက(၈) | မော်လမြိုင် | မော်လမြိုင် |
| ၈၃ | မောင်ထွန်းထွဋ်လင်း | အထက(၉)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၄ | မရွှေဇင်ပြည့်ဖြိုး | အထက(၄)စစ်တွေ1 | စစ်တွေ | စစ်တွေ |

ဆက်လက်ဖော်ပြပါမည်။

ယမန်နေ့မှအဆက်

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဧကာဒသမတန်း(Grade 11)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဧကာဒသမတန်း(Grade 11)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၄၀ | မခင်သီရိစံ | အထက-ကေတုမတီ | တောင်ငူ | တောင်ငူ |
| ၄၁ | မောင်ဖြိုးမြတ်ဇော် | ကပက-ရွှေဝတီ | သာယာဝတီ | သာယာဝတီ |
| ၄၂ | မောင်ဟန်ဇင်သွန်းဆက် | အထက-ပတ္တော် | မိုးညို | သာယာဝတီ |
| ၄၃ | မစုမွန်မြင့် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၄၄ | မအိသန္တာသန့် | အထက(၁)သာယာဝတီ | သာယာဝတီ | သာယာဝတီ |
| ၄၅ | မောင်ဇော်ရဲထွဋ် | အထက-အင်းမ | သဲကုန်း | နတ်တလင်း |
| ၄၆ | မအိမ့်သူဘို | အထက-မြို့မ | နတ်တလင်း | နတ်တလင်း |
| ၄၇ | မောင်အောင်ခန့်ဇော် | ကပက-PEC | ပြည် | ပြည် |
| ၄၈ | မမိုးကြည်ပြာကို | ကပက-PEC | ပြည် | ပြည် |
| ၄၉ | မောင်မင်းမော်ကျော် | IBS(ကပက) | မကွေး | မကွေး |
| ၅၀ | မသိမ့်သီရိထွဋ် | အထက(၄) မကွေး | မကွေး | မကွေး |
| ၅၁ | မောင်ဝေယံအောင် | အထက(၂)ချောက် | ချောက် | ချောက် |
| ၅၂ | မရည်မွန်မိုးပြည့်ခိုင် | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၃ | မောင်အောင်ကိုမင်း | No.1(ကပက) | မင်းဘူး | မင်းဘူး |
| ၅၄ | မသင်းဝါဆို | အထက(၁)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၅ | မောင်ကောင်းပြည့်သိမ်း | မျိုးရာဇာ(ကပက) | ကံမ | သရက် |
| ၅၆ | မအိမ့်ကြယ်စင် | အထက(ခွဲ) လ-၃ | သရက် | သရက် |
| ၅၇ | မောင်သက်ဝေလင်း | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၈ | မဇင်နှင်းဝေ | အထက(၂)အောင်လံ | အောင်လံ | အောင်လံ |
| ၅၉ | မောင်သိန်းသန်းအောင် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၀ | မဟန်နီဇော် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၁ | မောင်စည်သူဗိုလ် | စံဟိန်း (ကပက) | မဟာအောင်မြေ | မဟာအောင်မြေ |
| ၆၂ | မဆုလာဘ်ပြည့် | အထက(၁၆) | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၃ | မောင်သုတစံ | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မမြတ်သံသာခင် | အထက(၈) | အောင်မြေသာစံ | အောင်မြေသာစံ |
| ၆၅ | မောင်ဟိန်းစစ်ပိုင်ဦး | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မဖူးနေခြည်ကို | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၇ | မောင်စိုးဝေဖြိုး | သံတော်ဦး (ကပက) | မြစ်သား | ကျောက်ဆည် |
| ၆၈ | မမြင့်မြတ်မွန် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၆၉ | မောင်သန်းတိုးအောင် | နိဘာယ်(လ်) (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၀ | မသင်းပုံပြည့်စုံ | နိဘာယ်(လ်) (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၁ | မောင်ရဲရင့်အောင် | Scholar (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မခင်ချမ်းမြေ့ကျော် | မိသားစု (ကပက) | မလှိုင် | မိတ္ထီလာ |
| ၇၃ | မောင်သူရကျော်စိုး | ဟိန်း (ကပက) | ရမည်းသင်း | ရမည်းသင်း |
| ၇၄ | မအဲင့်ဖူး | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၅ | မောင်ဝင်းမင်းခန့် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မရှင်းသန့်မေ | အထက-ပုဂံ | ညောင်ဦး | ညောင်ဦး |
| ၇၇ | မောင်ထက်ဝေအောင် | အထက၊ဇင်းကျိုက် | ပေါင် | သထုံ |
| ၇၈ | မဆုရတီဇော် | အထက(ခွဲ)လိပ်ခုံးကြီး | ဘီးလင်း | သထုံ |
| ၇၉ | မောင်မင်းခန့်ကျော် | အထက(၁၀) | မော်လမြိုင် | မော်လမြိုင် |
| ၈၀ | မောင်စိုင်ပြေရှင်းသန့် | အထက-ကျိုက်ခမီ | သံဖြူဇရပ် | မော်လမြိုင် |
| ၈၁ | မမေဇင်မောင် | DTM(ကပက) | မုဒုံ | မော်လမြိုင် |
| ၈၂ | မဆုမြတ်နိုးခင် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၈၃ | မောင်ကောင်းခန့်ဇံ | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၈၄ | မအေးမြတ်သဇင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |

ဆက်လက်ဖော်ပြပါမည်။

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၈ | မောင်ကောင်းမင်းခန့် | အထက-ကေတုမတီ | တောင်ငူ | တောင်ငူ |
| ၃၉ | မသင်းနန္ဒာဆု | အထက-ကေတုမတီ | တောင်ငူ | တောင်ငူ |
| ၄၀ | မောင်ဉာဏ်ထက်လင်း | အထက(၁)သာယာဝတီ | သာယာဝတီ | သာယာဝတီ |
| ၄၁ | မောင်တင်ကိုလွင် | အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (အေးမြသာယာ) | အုတ်ဖို | သာယာဝတီ |
| ၄၂ | မအိအိငြိမ်း | အထက-ပတ္တော် | မိုးညို | သာယာဝတီ |
| ၄၃ | မထက်ထက်အောင် | အထက-စစ်ကွင်း | မင်းလှ | သာယာဝတီ |
| ၄၄ | မောင်အောင်ပြည့်စုံ | အထက-မြို့မ | ဇီးကုန်း | နတ်တလင်း |
| ၄၅ | မကြယ်စင်မြင့်မြတ် | အထက-မြို့မ | နတ်တလင်း | နတ်တလင်း |
| ၄၆ | မောင်အောင်ကိုဟိန်း | အထက-၅ | ပြည် | ပြည် |
| ၄၇ | မခြူးသဇင် | ကပက-ပုလဲမိုး | ပြည် | ပြည် |
| ၄၈ | မောင်ဖြိုးခန့်ကိုကို | နေခြည်(ကပက) | မကွေး | မကွေး |
| ၄၉ | မသက်နွယ်အေး | D ဝေလျှံ(ကပက) | မကွေး | မကွေး |
| ၅၀ | မောင်ဘုန်းခန့်ကို | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၁ | မခွန်းဆင့်ချို | အထက(၄)အေးစေတီ | ချောက် | ချောက် |
| ၅၂ | မောင်ဂျူးသက်ကို | No.1(ကပက) | မင်းဘူး | မင်းဘူး |
| ၅၃ | မမေသက်ကျော် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၅၄ | မောင်သန်းထိုက်အောင် | UNITED MAHAR(ကပက) | သရက် | သရက် |
| ၅၅ | မသက်မှူးစံ | အထက(၁)သရက် | သရက် | သရက် |
| ၅၆ | မောင်ပိုင်ဖြိုးဝေ | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၇ | မဆုပြည့်ပိုင် | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၈ | မောင်လွန်ချမ်းငြိမ်း | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၉ | မကြည်ဟေမာနွယ် | ကောင်းချွန်(ကပက) | ဆိပ်ဖြူ | ပခုက္ကူ |
| ၆၀ | မောင်ဖြိုးမင်းသူ | အထက(ခွဲ)၅ | ပြည်ကြီးတံခွန် | မဟာအောင်မြေ |
| ၆၁ | မရွှန်းလဲ့ရည် | CAE (ကပက) | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၆၂ | မောင်ဉာဏ်စွမ်း | အထက-ပုသိမ်ကြီး | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၃ | မဝင်းလဲ့ရည်ဦး | CAE (ကပက) | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၆၄ | မောင်ကျော်စွာဟိန်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၅ | မသီရိထွန်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၆ | မောင်သီဟနောင် | ဉာဏ်မီးအိမ်(ကပက) | မြစ်သား | ကျောက်ဆည် |
| ၆၇ | မအေးမြတ်မွန် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၆၈ | မောင်သူရအောင် | WSEC (ကပက) | မြင်းခြံ | မြင်းခြံ |
| ၆၉ | မသင်္ကြီဦး | WSEC (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၀ | မောင်နန္ဒကိုကို | Scholar(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၁ | မယွန်းရတီဦး | Scholar(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၂ | မောင်ယောရှု | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၃ | မယွန်းဝတီဦး | ပညာ့ဂုဏ်ရည်(ကပက) | ရမည်းသင်း | ရမည်းသင်း |
| ၇၄ | မောင်ကောင်းသန့်နိုင် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၅ | မစောပြည့်ငြိမ်း | အထက-(၁) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၇၆ | မောင်ချစ်ကိုကိုဦး | အထက(၂) | သထုံ | သထုံ |
| ၇၇ | မဖြိုးအိစံ | အထက(၁) | သထုံ | သထုံ |
| ၇၈ | မောင်ဦးဒွေး | အထက၊ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၇၉ | မောင်အောင်မျိုးသန့် | အထက(၁) | သံဖြူဇရပ် | မော်လမြိုင် |

ဆက်လက်ဖော်ပြပါမည်။

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သီတဂူကေတုမတီအာယုဒါနဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၆**

သီတဂူကေတုမတီအာယုဒါနဆေးရုံတော်ကြီးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သီတဂူကေတုမတီအာယုဒါနဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဂဏာဓိပတိ သောဋသမရွှေကျောင်းသာသနာပိုင် အဘိဇမဟာရဋ္ဌဂုရုအဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကြီးနှင့် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်(တောင်ငူ)ပါမောက္ခ သီတဂူကေတုမတီ အာယုဒါနဆေးရုံကြီး တာဝန်ခံဆရာတော် ဒေါက်တာဘဒ္ဒန္တတိက္ခသာရအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒါယကာ၊ ဒါယိကာမများက တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ ဩဝါဒကထာနာယူကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံ အလှူရှင်များက သီတဂူကေတုမတီအာယုဒါန ဆေးရုံတော်ကြီးအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ပြည်ထောင်စုဝန်ကြီးများက



အလှူငွေများလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ယင်းနောက်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သီတဂူကေတုမတီအာယုဒါနဆေးရုံကြီး ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ဝမ်းမြောက်စကားလျှောက်ထားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက အနုမောဒနာတရားဟောကြားရာတွင် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကတည်းက သူနာပြုလုပ်ငန်းကို ဦးဆောင်သူမှာ ဗုဒ္ဓဖြစ်သည်ကို သုတ္တန်ပိဋကတော်အရ ပြောဆိုနိုင်ကြောင်း၊ သံဃာတော်များ သီတင်းသုံးရာ ကျောင်းသင်္ခမ်းများတွင် ဂိလာနအာရောဂျဆာယာဆိုသည့် ဆေးကုသဆောင်များ တည်ဆောက်ထားသည်များကို အထောက်အထားများအရ သိရှိရကြောင်း၊ မြတ်စွာဘုရားရှင်က ဂိလာနသံဃာတွေ့ပါလျက် ဆေးကုသပေးမှုမပြုပါက အာပတ်ဖြစ်သည်ဟု ပညတ်ပါကြောင်း၊ ဂိလာနကို ဝိနည်းသိက္ခာနှင့်အညီ အချင်းချင်းမေတ္တာဖြင့် ကုသမှုပြုလုပ်ကြရန် ဘုရားရှင်ကိုယ်တိုင်မိန့်ဆိုထားခဲ့ကြောင်း၊ ဂိလာနကိုပြုစုပေးခြင်းသည် မြတ်စွာဘုရားအား ပြုစုရာရောက်သည်ဟု မိန့်ကြားတော်မူခဲ့ကြောင်း။

အသောကမင်းကြီး၏ သာသနာပြုအထိမ်းအမှတ် ကျောက်တိုင်စိုက်ထူရာတွင် တစ်နေရာတစ်မျိုးဖြစ်ပြီး နွားရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ် စသည့် အရုပ်လေးမျိုးစိုက်ထူကြောင်း၊ နွားရုပ်နှင့်ဆိုင်သည့် နွားလားဥသဘသည် လူတို့၏အကျိုးစီးပွားဆောင်ရွက်သည့်နေရာတွင် သည်းခံအားအလွန်ကောင်းသည့် အတွက်ကြောင့် ဘာသာ သာသနာအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်သည့်အခါ နွားလိုသည်းခံအား ကောင်းကောင်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မြင်းရုပ်နှင့်ဆိုင်သည့်မြင်းသည် ပြေးလွှားအားအလွန်လျင်မြန်သည့်နည်းတူ ဘာသာ သာသနာအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုး၊ လူတို့၏အကျိုးစီးပွားကို ဆောင်ရွက်သည့်နေရာတွင် မြင်းလိုပင်အရှိန်အဟုန်သုံးပြီး အလုပ်ကိုမြန်မြန်လုပ်ရန်လိုအပ်ကြောင်း၊ ဆင်ရုပ်နှင့်ဆိုင်သည့် ဆင်သည် မြေပြင်တွင်အင်အားအကောင်းဆုံးဖြစ်သည့်အတွက်ကြောင့် အလုပ်လုပ်ရာတွင် ဆင်လိုအင်နှင့်အားနှင့်ဆောင်ရွက်ရန်လိုကြောင်း၊ ခြင်္သေ့သည်ကြောက်ရွံ့မှုမရှိဘဲ သတ္တိရှိသောကြောင့် လုပ်ငန်းတစ်ခုလုပ်ရာတွင် ခြင်္သေ့လိုသတ္တိရှိရှိလုပ်ရန်လိုကြောင်း၊ ဘာသာရေး၊ လူမှုရေးရာများနှင့် ဂိလာနစောင့်ရှောက်မှုရေးရာများ လုပ်ဆောင်ရာတွင် လူအင်အား၊ ပစ္စည်းအင်အား၊ ငွေအင်အားနှင့် စိတ်ဓာတ်အင်အားစသည့် အင်အားလေးမျိုးဖြင့် လုပ်ဆောင်ရန်လိုကြောင်း မိန့်ကြားသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး သီတဂူဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် ငြိမ့်ပရိသတ်အပေါင်းတို့က သီတဂူအဓိဋ္ဌာန်ရွတ်ဆိုပူဇော်၍ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့က စက်ခလုတ်နှိပ်၍ သီတဂူကေတုမတီ အာယုဒါနဆေးရုံတော်ကြီး မင်္ဂလာမုခ်ဦးကိုဖွင့်လှစ်ပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနယ်မြေခံလေတပ်စခန်းဌာနချုပ်မှူးတို့က ဖဲကြိုးဖြတ်၍ သီတဂူကေတုမတီအာယုဒါနဆေးရုံတော်မင်္ဂလာတံခါးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများသည် သီတဂူကေတုမတီအာယုဒါနဆေးရုံတော်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့်သွားတုတပ်ဆင်ဆေးကုသမှုခံယူနေသောလူနာများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အမျိုးသားရေကူးကန်အား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ပုံငွေကျပ် ၂၄၁ သန်းဖြင့်ဆောင်ရွက်နေသော အမျိုးသားရေကူးကန် ရေသန့်စင်စက်ခန်းနံရံပြုပြင်နေမှု၊ ရေသန့်စင်စနစ် Filter ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေသန့်စင်နေအောင်ဆောင်ရွက်ရန်၊ နွေရာသီရေကူးသင်တန်းများ ဆက်လက်ဖွင့်လှစ်ရန်၊ ရေကန်သပ်ရပ်သန့်ရှင်းစေရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားရေကူးကန် (ဦးဝိစာရ)ဝင်းအတွင်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် GYM အားကစားခန်းဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတို့၌ နွေရာသီအားကစားသင်တန်းတက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်ယှဉ်ပြိုင်နေမှုများကိုကြည့်ရှုအားပေးပြီး မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ရေးနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဆင့်မီယှဉ်ပြိုင်အောင်မြင်မှုရရှိရေးကိစ္စများကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ရုံးခန်း၌ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရေကူးကန်ထိန်းသိမ်းရေးကိစ္စရပ်များ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်နိုင်ရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များကိုမှာကြားသည်။

ယင်းနောက် ဗဟန်းမြို့နယ်ရှိ ဗဟန်းမြက်ခင်းတုဘောလုံးကွင်းနှင့် ကြည့်မြင်တိုင်မြို့နယ် စလင်းဘောလုံးကွင်းတို့၌ ဘောလုံးကွင်းပြင်ဆင်ထိန်းသိမ်းနေမှုများ၊ ပွဲကြည့်စင်ပြင်ဆင်မည့်လျာထားချက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအားကစားပြိုင်ပွဲရုံး (၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ စက်ဘီး၊ E-Sports၊ ရိုးရာအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံရာ အားကစားအဖွဲ့ချုပ်များမှတာဝန်ရှိသူများက မိမိတို့အဖွဲ့ချုပ်အလိုက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများ၊ ရေတိုရေရှည်ဆောင်ရွက်မည့်အစီအမံများ၊ ပြိုင်ပွဲ၌အောင်မြင်မှုရရှိအောင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ အချိန်မီတင်သွင်းသယ်ယူရရှိနိုင်ရေး ကိစ္စရပ်များကို လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အိမ်ရှင်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရန်အချက်များ၊ အဖွဲ့ချုပ်အလိုက် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များ၊ ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် ပြည်တွင်း/ပြည်ပပြိုင်ပွဲများ၌ ယှဉ်ပြိုင်ရေးနှင့်ပူးတွဲလေ့ကျင့်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာရရှိနိုင်ရေးကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် စိန့်ပီတာစဘတ်မြို့တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများအား ဒေသစံတော်ချိန် ယနေ့နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စိန့်ပီတာစဘတ်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့်ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိကြရာ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

**❖ စိန့်ပီတာစဘတ်မြို့သည် မိမိတို့နိုင်ငံနှင့်ဆက်သွယ်ဆောင်ရွက်ရန် ကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်၊ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ၊ နိုဗိုစီဗစ်မြို့နှင့်လေကြောင်းလိုင်းများတိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိ၊ ယခုစိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ၊ ရုရှားနိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ကြရန်လို . . .**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စိန့်ပီတာစဘတ်ကောင်စစ်ဝန်ချုပ်ရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်းပေးကြပြီး ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် စိန့်ပီတာစဘတ်မြို့တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ မြန်မာကောင်စစ်ဝန်ချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်ရာအချက်အလက်များ၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်မှု၊ သင်တန်းသားများ သင်တန်းတက်ရောက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့သို့ စတုတ္ထအကြိမ်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး စိန့်ပီတာစဘတ်မြို့၏ အချက်အချာကျမှုနှင့်အရေးပါမှုများ၊ သမိုင်းအစဉ်အလာများရှိသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ရန်အတွက် ယခင်ကတည်းက ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် စက်ရုံအလုပ်ရုံများ များစွာရှိပြီး သယ်ယူပို့ဆောင်ရေးအတွက်လည်း အချက်အချာကျသည်ကိုတွေ့ရကြောင်း။

အလားတူ ပညာသင်ကြားရေးတွင်လည်းကောင်းမွန်မှုရှိသည်ကိုတွေ့ရကြောင်း၊ စိန့်ပီတာစဘတ်မြို့သည် မိမိတို့နိုင်ငံနှင့်ဆက်သွယ်ဆောင်ရွက်ရန် ကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ၊ နိုဗိုစီဗစ်မြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိကြောင်း၊ ယခုစိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများတိုးချဲ့ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကောင်စစ်ဝန်ချုပ်ရုံးမိသားစုများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် မိမိတို့နိုင်ငံအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အရေးကြီးသည့်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်ရှိမှုများမရှိစေရေးနှင့် အချိန်မီပြီးစီးစေရေး Check၊ Recheck၊ Counter Check များ ပြုလုပ်နေရန်လိုကြောင်း၊ နိုင်ငံအတွက်အကျိုးရှိနိုင်သည့်ကိစ္စရပ်များ၊ အကျိုးမပြုနိုင်သည့်ကိစ္စရပ်များကိုခွဲခြား၍ ဆက်လက်တင်ပြဆောင်ရွက်နိုင်ရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

မိမိတို့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဆက်ဆံမှုများကောင်းမွန်တိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့တင်ပို့နိုင်ရန်လိုကြောင်း၊ ခရီးလမ်းအရ ဝေးကွာသည့်နေရာတွင်တည်ရှိခြင်းကြောင့် တွက်ခြေကိုက်သည့် ထုတ်ကုန်များ တင်ပို့နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆက်သွယ်မှုများ

**စာမျက်နှာ ၁၂ သို့ ●**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

● စာမျက်နှာ ၁၁ မှအဆက်

ကောင်းမွန်မြန်ဆန်ရေးဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင်ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်ပြီး CMP အထည်ချုပ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ရော်ဘာကုန်ကြမ်းများလည်း ထွက်ရှိကြောင်း၊ ရော်ဘာကုန်ကြမ်းများနှင့် ရော်ဘာထွက်ကုန်များကိုတင်ပို့နိုင်ကြောင်း၊ အလားတူ ဆန်၊ ကော်ဖီ၊ လက်ဖက်နှင့် အခြားစိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုလည်း တင်ပို့နိုင်သကဲ့သို့ သစ်တောထွက်ပစ္စည်းများကိုလည်း တင်ပို့နိုင်ကြောင်း၊ မိမိတို့နိုင်ငံမှထုတ်ကုန်များ စိန့်ပီတာစဘတ်မြို့သို့ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း။


စိန့်ပီတာစဘတ်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးများကောင်းမွန်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးများထုတ်လုပ်လျက်ရှိသော်လည်း ဆေးရုံများ၌အသုံးပြုသည့် ကင်ဆာကုသဆေးများနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အဆိုပါကင်ဆာကုသဆေးအား ထုတ်လုပ်နိုင်ရေး နည်းပညာများပူးပေါင်းဆောင်ရွက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကုသမှုအတွေ့အကြုံများ ရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သိပ္ပံနှင့်နည်းပညာရပ်များနှင့် ပတ်သက်၍ စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင်မြန်မာပညာတော်သင်များတက်ရောက်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ရုရှားနိုင်ငံသည် အားကစားနှင့်ပတ်သက်၍လည်း ထိပ်တန်းတွင်ရှိကြောင်း၊ ထို့ကြောင့် မြန်မာ့အားကစားမြှင့်တင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။


စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသားများ စနစ်တကျပညာသင်ကြားနိုင်ရေးနှင့် အခြားလိုအပ်သည့် ကိစ္စရပ်များကို ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်တန်းကာလနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ပညာများသင်ယူရာတွင်လည်း အလေးထားသင်ယူသွားကြရန်လိုကြောင်း။

ကောင်စစ်ဝန်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများအနေဖြင့်လည်း ရုရှားဘာသာစကားနှင့် ပတ်သက်၍လည်း လေ့လာဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏အချိန်များကို အကျိုးရှိစွာဖြင့် အသုံးချသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**❖ စိန့်ပီတာစဘတ်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးများကောင်းမွန်၊ မိမိတို့နိုင်ငံတွင် ဆေးများထုတ်လုပ်လျက်ရှိသော်လည်း ဆေးရုံများ၌အသုံးပြုသည့် ကင်ဆာကုသဆေးများနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေ၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အဆိုပါကင်ဆာကုသဆေးအားထုတ်လုပ်နိုင်ရေး နည်းပညာများပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လို၊ သိပ္ပံနှင့်နည်းပညာရပ်များနှင့်ပတ်သက်၍ စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များတက်ရောက်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လို၊ ရုရှားနိုင်ငံသည် အားကစားနှင့်ပတ်သက်၍လည်း ထိပ်တန်းတွင်ရှိ၊ ထို့ကြောင့် မြန်မာ့အားကစားမြှင့်တင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လို . . .**

**❖ စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသားများ စနစ်တကျပညာသင်ကြားနိုင်ရေးနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လို၊ သင်တန်းကာလနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန်လို၊ သင်တန်းသားများအနေဖြင့် ပညာများသင်ယူရာတွင်လည်း အလေးထားသင်ယူသွားကြရန်လို . . .**

# စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်းများ တက္ကသိုလ်များ

ဒေါက်တာခင်နန္ဒာစိုး(မွေး / ကု)

မြန်မာနိုင်ငံသည် စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအတွင်းရှိ နိုင်ငံသားတိုင်း စားရေရိက္ခာဖူလုံစွာရရှိရေးသည် လွန်စွာအရေးပါလှသည်။ ထိုသို့ စားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၃)ရပ်အနက် "စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုခေတ်မီနည်းစနစ်များဖြင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး အခြေခံစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး" ဆိုသည့် ဦးတည်ချက်များနှင့်အညီ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် မွေးမြူရေးအသိပညာရှင်၊ အတတ်ပညာရှင်များ၊ မွေးမြူရေးကျွမ်းကျင်လုပ်သားများလည်း မွေးထုတ်နိုင်ရန် များစွာလိုအပ်လျက်ရှိသည်။

ပြည်တွင်းစားသုံးမှုလုံလောက်စေရန်သာမက ပိုလျှံစေရန်အတွက် မွေးမြူရေးထုတ်ကုန်များကိုထုတ်လုပ်ရာတွင် စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်နိုင်ပါမှ ပြည်ပနိုင်ငံများဆီသို့ ဈေးကွက်ဝင် မွေးမြူရေးထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ထိုသို့ အရည်အသွေးပြည့်ဝသော မွေးမြူရေးထုတ်ကုန်ပစ္စည်းများထုတ်လုပ်တင်ပို့နိုင်စေရန် အခြေခံအကျဆုံးအချက်မှာ နိုင်ငံအတွင်းရှိမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော မွေးမြူရေးသမားများဆီသို့ တိုးတက်ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ မွေးမြူရေးနည်းစနစ်ကောင်းများကို မွေးမြူရေးအသိပညာရှင်၊ အတတ်ပညာရှင်များမှတစ်ဆင့် ဖြန့်ဝေပညာပေးခြင်း၊ လက်တွေ့လမ်းညွှန်ပြသခြင်း၊ ဆင့်ပွားသင်တန်းများပို့ချပေးခြင်း စသည့်နည်းလမ်းများစွာကိုအသုံးပြုပြီး ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံအတွင်းလိုအပ်လျက်ရှိသော မွေးမြူရေးကျွမ်းကျင်လုပ်သားများ များစွာပေါ်ထွန်းလာမည် ဖြစ်သည်။

ထိုသို့ နိုင်ငံ၏အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်လျက်ရှိသော မွေးမြူရေးအသိပညာရှင်၊ အတတ်ပညာရှင်၊ မွေးမြူရေးကျွမ်းကျင်လုပ်သားများပေါ်ထွက်လာနိုင်စေရေးရည်ရွယ်ကာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ စိုက်ပျိုး မွေးမြူရေးပညာရပ်ဆိုင်ရာသင်တန်းကျောင်းများ၊ တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။ ယခုလက်ရှိဖွင့်လှစ်ထားသော တက္ကသိုလ်များမှာ မြန်မာတစ်နိုင်ငံလုံးတွင် တစ်ကျောင်းတည်းသာရှိသော ရေဆင်း နေပြည်တော်ရှိ "မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်"၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ "တိရစ္ဆာန်ဆေးကု သိပ္ပံသင်တန်းကျောင်း" နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ "အခြေခံပညာနှင့် စက်မှု စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း" တို့ ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ "တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းကျောင်း"ကို တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အလယ်အလတ်ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ကာ သိပ္ပံဘွဲ့ရများကိုခေါ်ယူပြီး ၂၀၂၄ ခုနှစ် မေလ ၂ ရက်တွင် သင်တန်းအမှတ်စဉ် (၁)ကို စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းကာလတစ်နှစ်အတွင်း မွေးမြူရေးဆိုင်ရာဘာသာရပ် (၁၅) ဘာသာအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။ "တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းကျောင်း"တွင် တစ်နှစ်သင်တန်းတက်ရောက်ခြင်းအားဖြင့် မွေးမြူရေးပညာရပ်များကို ဆည်းပူးခွင့်ရကာ ဒေသအတွင်းတိရစ္ဆာန်ကူးစက်ရောဂါများကို ကုသပေးခွင့်ရမည့်အပြင် မွေးမြူရေးအတတ်ပညာရပ်များကို ဖြန့်ဝေပေးနိုင်သူ၊ မွေးမြူရေးလုပ်ငန်းများကို လွယ်လင့်တကူ လက်တွေ့ လုပ်ကိုင်ဆောင်ရွက်နိုင်သူ၊ နိုင်ငံ၏အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်သူလည်း ဖြစ်လာမည်ဖြစ်သည်။ ထို့ပြင် သင်တန်းပြီးမြောက်ပါက တိရစ္ဆာန်ဆေးကု ဒီပလိုမာ(Dip.V.Sc)ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ဒုတိယလက်ထောက်ဦးစီးမှူး ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခွင့်လည်း ရရှိမည်ဖြစ်သည်။

ထို့ပြင် မွေးမြူရေးပညာရပ်များ တစ်နိုင်ငံလုံးသို့ပြန့်ပွားနိုင်ရန်၊ အဆင့်မြင့်ပညာ ဆက်လက်မသင်ကြားနိုင်သော ကျောင်းသား၊ ကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များရရှိရန်နှင့် မွေးမြူရေးကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ရည်မှန်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်

**❖ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်ပြီး ထူးချွန်စွာအောင်မြင်ပါက ပညာဆက်လက်သင်ယူနိုင်ခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိမည်ဖြစ်၊ သင်တန်းသားများအား သုံးနှစ်တက်ရောက်သင်ကြားမှုအပေါ် အကဲဖြတ်စစ်ဆေး၍ အထူးအောင်၊ အဆင့်မီအောင်နှင့်ရိုးရိုးအောင် ဟူ၍ သတ်မှတ်ထား . . .**

ကုသရေးဦးစီးဌာနသည် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ခရိုင် ၅၀၊ မြို့နယ် ၅၁ မြို့နယ်တွင် စိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းကို စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ ထို့ပြင် ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းကို တိုးချဲ့ဖွင့်လှစ်ကာ စုစုပေါင်း ၈၅ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် တက်ရောက်လိုသူ/ လျှောက်ထားသူသည် အောက်ပါ သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီသူဖြစ်ရမည်။

❖ စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များ၏ လက်တွေ့လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရပါမည်။

❖ အခြေခံပညာအလယ်တန်းအဆင့် Grade –9 အောင်မြင်သူဖြစ်ရပါမည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသော မွေးမြူရေးအထူးပြုဘာသာရပ်များမှာ –

**ပထမနှစ်သင်တန်းတွင် –**

(က) ကြက်မွေးမြူထုတ်လုပ်ရေးဘာသာ
(ခ) စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာ
(ဂ) ရေသတ္တဝါနှင့်ပျားမွေးမြူထုတ်လုပ်ရေးဘာသာ
(ဃ) သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့်ကာကွယ်ရေးဘာသာ
(င) မြန်မာစာ
(စ) အင်္ဂလိပ်စာ
(ဆ) သင်္ချာ
(ဇ) ပေါင်းစပ်ဘာသာရပ်(ဓာတု+ရူပ)
(ဈ) ဇီဝဗေဒ

**ဒုတိယနှစ်သင်တန်းတွင် –**

(က) ကြက်မွေးမြူထုတ်လုပ်ရေးဘာသာ
(ခ) စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာ
(ဂ) ဝက်မွေးမြူထုတ်လုပ်ရေးဘာသာ
(ဃ) သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့်ကာကွယ်ရေးဘာသာ
(င) မြန်မာစာ
(စ) အင်္ဂလိပ်စာ
(ဆ) သင်္ချာ
(ဇ) ပေါင်းစပ်ဘာသာရပ်(ဓာတု+ရူပ)
(ဈ) ဇီဝဗေဒ
(ည) သတင်းအချက်အလက်နှင့်နည်းပညာ

**တတိယနှစ်သင်တန်းတွင် –**

(က) ကြက်မွေးမြူထုတ်လုပ်ရေးဘာသာ
(ခ) စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာ
(ဂ) ဝက်မွေးမြူထုတ်လုပ်ရေးဘာသာ
(ဃ) ရေသတ္တဝါနှင့်ပျားမွေးမြူထုတ်လုပ်ရေးဘာသာ
(င) မြန်မာစာ
(စ) သတင်းအချက်အလက်နှင့်နည်းပညာတို့ဖြစ်သည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် တက်ရောက်သူသည် အခြေခံပညာကျောင်းများမှ Grade –9 အောင်မြင်ခဲ့ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် Grade–10 မှစပြီး သုံးနှစ်သင်တန်းတက်ရောက်ကာ သတ်မှတ်နှစ်အလိုက် အခြေခံပညာအထက်တန်းအဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်ပြီး ထူးချွန်စွာအောင်မြင်ပါက ပညာဆက်လက်သင်ယူနိုင်ခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်သည်။ သင်တန်းသားများအား သုံးနှစ်တက်ရောက်သင်ကြားမှုအပေါ် အကဲဖြတ်စစ်ဆေး၍ အထူးအောင်၊ အဆင့်မီအောင်နှင့် ရိုးရိုးအောင်ဟူ၍ သတ်မှတ်ထားရှိသည်။


အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ မွေးမြူရေးအထူးပြုကျောင်းသားသည် အထူး (Credit)အောင်ဖြင့်အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း) နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine)ခြောက်နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) လေးနှစ်သင်တန်းများကို တက်ရောက်နိုင်မည်ဖြစ်သည်။

အဆင့်မီ(Qualified)အောင်ဖြင့် အောင်မြင်သူသည် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် သင်ကြားလျက်ရှိသည့် မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) သုံးနှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းဒီပလိုမာ (Diploma in Fisheries and Aquaculture)သုံးနှစ်သင်တန်းသို့ တက်ရောက်နိုင်မည်ဖြစ်သည်။ မွေးမြူရေးဒီပလိုမာ(Diploma in Animal Science) သင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်လေးနှစ်သင်တန်း မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science)၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်သည်။ ငါးလုပ်ငန်းဒီပလိုမာ (Diploma in Fisheries and Aquaculture)သင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်သည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်သည်။ ထို့ပြင် "အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း" သို့ တက်ရောက်သူတိုင်း အထူးအခွင့်အရေးအနေဖြင့် ကျောင်းတက်နေစဉ်အတွင်း လစဉ်လတိုင်း ပညာသင်ထောက်ပံ့ကြေးများကိုလည်း နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတော်၏မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်း မွေးမြူရေးကိုစိတ်ပါဝင်စားစွာ ခေတ်မီနည်းလမ်းများဖြင့် နည်းလမ်းမှန်ကန်နည်းစနစ်ကျကျဖြင့် မွေးမြူလုပ်ကိုင်သူများ များပြားလာမှသာလျှင် နိုင်ငံအတွင်း အသားထုတ်လုပ်မှုများပြားလာကာ အသားစားသုံးမှုဖူလုံလာရုံသာမက ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တန်ဖိုးမြှင့်မွေးမြူရေးထုတ်ကုန်များအဖြစ် ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ ပြည်ပနိုင်ငံများသို့ တန်ဖိုးမြှင့်မွေးမြူရေးထုတ်ကုန်များ တင်ပို့ခြင်းအားဖြင့် နိုင်ငံ့စီးပွားလည်း မြင့်မားလာမည်ဖြစ်သည်။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် နိုင်ငံအတွင်းနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ ကျေးလက်နှင့်မြို့ပြကွာဟမှုများလည်း လျော့နည်းပပျောက်လာမည်ဖြစ်သည်။ ထို့ကြောင့် မွေးမြူရေးပညာရပ်များကို ပြန့်ပွားအောင် နည်းပြလမ်းပြပေးသူ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လူသားအရင်းအမြစ်များပေါ်ထွန်းလာစေရန်ရည်ရွယ်ကာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရဖွင့်လှစ်ထားရှိသော "မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်"၊ "တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းကျောင်း" နှင့် "အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း" သို့ မြန်မာနိုင်ငံအတွင်းနေ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်အားဖြည့်လိုသူ နိုင်ငံချစ်စိတ်ရှိသည့်နိုင်ငံသားတိုင်း တက်ရောက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးညှိနှိုင်းဆွေးနွေး



**နေပြည်တော် မတ် ၆**

ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ခေတ်မီ သံထည်/သံပုံသွင်းနည်းပညာများအသုံးပြုပြီး အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်တိုးတက်ရရှိရေးတို့အတွက် ညှိနှိုင်းဆွေးနွေးသည့်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ခေတ်စနစ်များပြောင်းလဲလာသော်လည်း ပန်းပဲလက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ လုပ်ငန်းဆက်လက်ရပ်တည် လုပ်ကိုင်သူများရှိသော်လည်း ပညာသင်ယူရသည့်အချိန်ကြာမြင့်ခြင်း၊ မီးအပူ၊ သံအပူတို့ကိုခံစားရခြင်း၊ လိုရာပုံရရှိအောင် ထုရိုက်ရသည့်အတွက် ပင်ပန်းခြင်း၊ ပြည်ပမှကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဝင်ရောက်လာခြင်းတို့ကြောင့် ပန်းပဲပညာကို လက်ဆင့်ကမ်းသင်ယူသူနည်းပါးလာကြောင်း၊ မိရိုးဖလာ ပန်းပဲလုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများမှ မီးဖိုချောင်သုံးဓား၊ ကတ်ကြေးမှအစပြုပြီး လယ်ယာသုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများကို အာမခံနှင့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည့် MSME လုပ်ငန်းများကို မိရိုးဖလာမှသည် ခေတ်နှင့်အညီ ပိုမိုအဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

“မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅”တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် သံထည်ထုတ်ကုန်ပစ္စည်း ကတ်ကြေး၊ ဓား စသည်တို့သည် အရည်အသွေးကောင်းမွန်ပြီး ထင်ရှားသည့်အတွက် အဆိုပါသံထည်ထုတ်ကုန်ပစ္စည်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှုပြုထားကြောင်း။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုသကဲ့သို့ အခြားထုတ်ကုန်များကို အဆင့်မီစွာ ထုတ်လုပ်နိုင်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လမ်းညွှန်ထားကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှု၊ ဈေးကွက်နှင့် လိုအပ်ချက်များ၊ အိမ်တွင်းမှုလုပ်ငန်းများမှ မီးဖိုချောင်သုံးဓား၊ ကတ်ကြေး စသည်တို့ ထုတ်လုပ်ရောင်းချမှုများ၊ ဒေသထုတ်ကုန်များကို အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေးသုတေသနဆောင်ရွက်ထားရှိမှုနှင့် သံထည်/သံပုံသွင်းနည်းပညာဆိုင်ရာများကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ (၅၀၀)

# ဝါသီးနှံမှ ဝါဂွမ်းနှင့်ချည် ပိုမိုထုတ်လုပ်ရေးနှင့် ပိုလျှံဝါဂွမ်းကို နိုင်ငံတကာအရည်အသွေးသတ်မှတ်ချက်များနှင့်အညီ တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ




နေပြည်တော် မတ် ၆

မြန်မာနိုင်ငံမှထွက်ရှိသည့် ဝါဂွမ်းများ အနက် ပြည်တွင်းသုံးစွဲ၍ ပိုလျှံသည့်ဝါဂွမ်းများကို နိုင်ငံတကာအရည်အသွေးသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ ဝါသီးနှံစိုက်ပျိုးရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် အလေးထားဆောင်ရွက်ရန်၊ ဝါသီးနှံမျိုးကောင်းမျိုးသန့်အသုံးပြုနိုင်ရန်၊ ဝါဂွမ်းနှင့်ချည်ကို ပိုမိုထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းသုံးပြီး ပိုလျှံပါက နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီစွာ တင်ပို့နိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု လျာထားချက်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၆၄၅၇၁၂ ဧကနှင့် ၅၃၉၆၅၆ တန် ထွက်ရှိရန်လျာထားသည်ဟု သိရကြောင်း၊ ဝါဂွမ်းတင်ပို့နိုင်ရေးအတွက် အစိုးရ - ပုဂ္ဂလိက ကဏ္ဍများမှ ပူးပေါင်း၍ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ရှိ မြန်မာစီးပွားရေးသံမှူးများနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပိုလျှံဝါဂွမ်းကို နိုင်ငံတကာအရည်အသွေးသတ်မှတ်ချက်များနှင့်အညီ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက်အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၅၀၀)

## မိုးလေဝသ သတင်း




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚c | / | ၃၅˚c |
| ရန်ကုန် | ၁၉˚c | / | ၃၇˚c |
| မန္တလေး | ၂၀˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် မတ် ၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ (မိုး/ဇလ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချအလေးပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery သို့ ရောက်ရှိကြရာ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရ Piskaryovskoye Memorial Cemetery ၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်အချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်သီချင်းတို့အား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးခင်မောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိအားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နွေရာသီအခြေခံအားကစား သင်တန်းတွင် ပါဝင်တက်ရောက်လျက်ရှိသည့် သင်တန်းသား/သင်တန်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြောင်းမြမြို့ရှိအားကစားကွင်း/အားကစားရုံများကိုလိုက်လံကြည့်ရှုစစ်ဆေး၍လေ့ကျင့်လျက်ရှိသောကြက်တောင်အားကစားသမားများကို တွေ့ဆုံအားပေးပြီး အမိုးပါရေကူးကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အိမ်မဲမြို့သို့သွားရောက်ပြီး အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်စဉ်။

■ **ကျောဖုံးမှအဆက်**

ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့၊ မြန်မာနိုင်ငံဆိုင်ရာရုရှားနိုင်ငံသံအမတ်ကြီး၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ စိန့်ပီတာစဘတ်မြို့တွင် သွားရောက်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့အား ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ-ရုရှားနှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလွန်ဝေးကွာသော်လည်း နှစ်နိုင်ငံပြည်သူများနှင့် နှလုံးသားချင်းနီးကပ်နေသောကြောင့် သံတမန်ဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက် ရင်းနှီးချစ်ကြည်သည့်ဆက်ဆံရေးကောင်းကို ထူထောင်ထားနိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ၂ ခုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုရှားနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာထွန်းကားတိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒားဘယ်ဂ်လော့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရုရှား-မြန်မာဆက်ဆံရေးများကောင်းမွန်လျက်ရှိခြင်းကြောင့် မိမိတို့ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ကောင်စစ်ဝန်ချုပ်ရုံးသည် ပေါင်းကူးတံတားတစ်ခုသဖွယ်ဖြစ်သဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှားနှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။





ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။





စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

★ **ရှေ့ဖုံးမှအဆက်**

တာဝန်ရှိသူများတက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။


ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့တွင် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သိမ်၊ ကျောင်း၊ စေတီတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးက စိန့်ပီတာစဘတ်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့က စိန့်ပီတာစဘတ်မြို့၊ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

# မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကုမ္ပဏီများအကြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုး

နေပြည်တော် မတ် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ မတ်လ ၅ ရက်တွင်ကျင်းပခဲ့သည့် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံမှ ပေါင်းဆန်များအား ရုရှားနိုင်ငံသို့တင်ပို့နိုင်ရေးနှင့် ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာ တန်ချိန် ၃ သိန်းနှင့် ပိုးသတ်ဆေးများ ဝယ်ယူရေးတို့အတွက် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို စိန့်ပီတာစဘတ်မြို့၊ lotte Hotel ၌ ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ မြေဩဇာအသင်းတို့၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာဘက်မှ ကိုယ်စားလှယ်နှင့် ရုရှားနိုင်ငံဘက်မှကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံကုမ္ပဏီများအကြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးစဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## High-level Myanmar goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Minsk, Republic of Belarus

NAY PYI TAW March 6

A high-level Myanmar goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit in Russian Federation at the invitation of President H.E. Vladimir Vladimirovich Putin, left Pulikovo International Airport in Saint Petersburg to pay a goodwill visit to Belarus at the invitation of the President Aleksandr Lukashenko of the country this afternoon at local time, and were seen off by External Relations Committee Chairman of Saint Petersburg government Mr. Grigoriev Evgeny Dmitrievich, Myanmar Consul General U Aung Pe Thet, and officials at the airport.

On arrival at the international airport in Minsk, Belarus, the Senior General and delegation were welcomed by Minister of Foreign Affairs of Belarus H. E. Mr. Maxim Ryzhenkov,



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing is given the red carpet treatment at the International Airport in Minsk, Belarus.




Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing lays flowers at the Victory Monument in Minsk, Belarus.

the Ambassador of Belarus to Myanmar, Myanmar Consul General U Moe Kyaw Thu, and officials.

At the airport, Guard of Honour of Belarus welcomed the Senior General in accord with the tradition of welcoming the state leaders who are on a state visit.

The Senior General arrived at the wreath-laying place of the Victory Monument in Minsk, and was welcomed by officials.

While the Senior General was laying a wreath at the Victory Monument, the Guard of Honour played the national anthems of the Republic of the Union of Myanmar and the Republic of Belarus.

The Senior General took the salute of the Guard of Honour, and cordially greeted the officials.

100

## SAC Chairman Prime Minister Senior General Min Aung Hlaing meets Myanmar Consulate-General families in St. Petersburg, delivers speech

NAY PYI TAW March 6

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to St. Petersburg, Russian Federation, met with the families of the Myanmar Consulate-General in St. Petersburg, Russian Federation, at the Myanmar Consulate-General this morning.

The meeting was attended by Joint Secretary of the Council General Ye Win Oo, Council Member General Nyo Saw, Union Ministers U Than Swe, Admiral Moe Aung, Myanmar Ambassador to the Russian Federation U Thit Lin Ohn, the Myanmar Consul General in St. Petersburg, and family members of the staff.

First, the Senior General and members of the delegation arrived at Myanmar Consulate General and were welcomed by the families of the staff of the Consulate General.

Then, the Senior General and members of the delegation sprayed the signboard of the Consulate General in St. Petersburg with perfume and inspected the Consulate General.

Then, the Senior General met with the families of the employees of the Consulate General and the officer trainees studying in St. Petersburg.

First, the Myanmar Consul General explained the information about the Consulate General, the work of the employees, and the status of the trainees attending the training. The Senior General asked questions and fulfilled the needs.

Then, the Senior General made a speech, saying that this was his fourth visit to St. Petersburg, and that he had learned about the importance and historical traditions of St. Petersburg. Therefore, the Senior General said that he had previously intended to open a Myanmar Consulate General in St. Petersburg. The Senior General said that St. Petersburg has many factories and is a transportation hub.

Similarly, the Senior General said that education is good. St. Petersburg is a good city for connecting with our country. Now, airlines are flying directly from Mandalay to Novosibirsk, Russia. Plans are being made to expand flights to St. Petersburg.

See Page - 19 ●●

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing meets Governor of St. Petersburg



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and party hold talks with Governor Alexander Beglov of St. Petersburg and officials.

NAY PYI TAW March 6

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Russian Federation, met with the Governor of St. Petersburg, Mr. Alexander Beglov, at the government guesthouse K2 in Saint Petersburg on the afternoon of 5 March.

The meeting was attended by the Senior General, the Joint Secretary of the State Administration Council General Ye Win Oo, SAC Member General Nyo Saw, Union Ministers, the Chief Minister of Bago Region, Myanmar Ambassador to the Russian Federation U Thit Lin Ohn, senior military officers from the Office of the Commander-in-Chief, the Myanmar Military Attaché (Army, Navy, Air), and other officials. Also present were the Governor of St. Petersburg, the Ambassador of Russia to Myanmar, and officials from the St. Petersburg government.

During the meeting, both parties engaged in a cordial exchange of views regarding the opening of the Myanmar Consulate General, aimed at fostering stronger interaction and cooperation between Myanmar and St. Petersburg. Discussions also covered ongoing developments across various sectors, including healthcare, education, transportation and communications, tourism, industry, and trade, as well as the construction of Theravada Buddhism monasteries and pagodas in St.Petersburg.

Following the meeting, the Senior General and the Governor of St. Petersburg posed for documentary photos.

Later in the evening, dinner was hosted in honour of the Senior General and goodwill delegation by the Governor to mark the opening of the Myanmar Consulate General in St. Petersburg.

After the dinner, the Senior General presented cash awards to the entertainment troupes that performed and extended his warm greetings.

**100**

●● **From Page - 18**

The issues we need to work on regarding Russia should be completed in a timely manner. The Consulate General family is working for the benefit of our country and the relations between the two countries, so they are carrying out important responsibilities. Therefore, there is a need to check, recheck, and counter-check to ensure that there are no gaps in the work and that it is completed on time. It is necessary to continue to present and act on issues that are beneficial to the country and those that are not.

We are working on improving relations with the Russian Federation, and we are cooperating in the areas of economy, education, health and social issues. Regarding the economy, we want to be able to export our country's products to Russia. Since we are located in a remote location, we want to be able to export products that are cost-effective. In doing so, we need to improve communication and speed up our work.

We mainly produce raw materials in our country and also carry out CMP garment manufacturing. We also produce raw materials of rubber. We can export raw materials of rubber and rubber products. We can also export rice, coffee, tea and other agricultural products, as well as forest products. We need to find markets for our country's rubber products in St. Petersburg.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivers an address to staff and families of the Consulate General and trainee officers in St. Petersburg.

St. Petersburg has good healthcare and medicines, and although our country produces medicines, there is a need for drugs to cure cancer used in hospitals. Therefore, we need to work together to develop technologies for the production of these cancer drugs in our country. We need to work to gain experience in healthcare. We also need to work to allow Myanmar scholars to attend universities in St. Petersburg in science and technology. Russia is also at the top in sports, so we need to work with Russia to promote Myanmar sports.

The Consulate General needs to provide systematic education for students studying at universities in St. Petersburg and meet the needs of the students. We need to complete the training period within the specified time. The students also need to study hard.

The Senior General also advised the staff working at the Consulate General to study the Russian language, which would be beneficial, and to use their time productively.

After that, the Senior General presented food and honorariums to the families of the Myanmar Consulate General and the trainee officers, and said a cordial farewell. **100**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing lays wreath at the Piskaryovskoye Memorial Cemetery in St. Petersburg

NAY PYI TAW March 6

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Russian Federation, specifically to St. Petersburg, paid his respects by laying a wreath at the Piskaryovskoye Memorial Cemetery in St. Petersburg this morning, local time.

First, the Senior General, along with Joint Secretary of the Council General Ye Win Oo, and the accompanying delegation members, arrived at the Piskaryovskoye Memorial Cemetery in St. Petersburg, where they were greeted by officials from the St. Petersburg city government.

Subsequently, the Senior General solemnly laid a wreath at the Piskaryovskoye Memorial Cemetery. Meanwhile, the honour guard of the Russian Federation played the national anthems of the Republic of the Union of Myanmar and the Russian Federation.

Following this, the Senior General received the salute from the honour guard and warmly greeted the officials present. 100



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing lays a wreath at the Piskaryovskoye Memorial Cemetery.

# 456 illegal migrants repatriated, 100 more detained



Responsible officials from Myanmar and China signed documents for repatriation of illegal migrants.

NAY PYI TAW March 6

A total of 456 illegal migrants, who were involved in online gambling and scams in Shwe Kokko, Mehtawthalay and KK Park in Myawady in Kayin State after illegally entering Myanmar from some neighbouring countries including Thailand through border routes, were repatriated and 100 more illegal migrants were detained today.

The repatriation process was overseen by Kayin State Security and Border Affairs Minister Col Min Thu Kyaw, Deputy Director-General Mr. Liu Ning Ning of the Criminal Investigation Department of the Ministry of Public Security of the People's Republic of China, Director Ploen Klinpayom of Tak Province Immigration Department of Thailand and officials. Responsible officials from Myanmar handed over repatriation documents to officials of relevant countries systematically.

During the period from 30 January to 6 March, 2025, a total of 4,342 illegal migrants to Myanmar were uncovered and detained and 1,213 of them were systematically repatriated to relevant countries through Thailand in accordance with the law, rules and regulations and the remaining 3,129 illegal migrants are ready for repatriation and being detained properly.

The 4,342 detained illegal migrants include citizens of China, Indonesia, Vietnam, Malaysia, Pakistan, India, Uganda, Ethiopia, Nepal, Thailand, Japan, Rwanda, Kenya, Kazakhstan, Cambodia, Ghana, Bangladesh and China (Taipei) and majority of them are from China.

100

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# SAC Chairman Prime Minister Senior General Min Aung Hlaing attends opening of Consulate-General in St.Petersburg



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Governor Alexander Beglov of St. Petersburg formally open the Consulate General in St. Petersburg.

NAY PYI TAW March 6

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, currently in the Russian Federation on his official goodwill visit, inaugurated the Consulate-General at the government guesthouse K2 in Saint Petersburg of the Russian Federation on the afternoon of 5 March.

Also present at the ceremony were Council Joint Secretary General Ye Win Oo, Council member General Nyo Saw, Union ministers U Than Swe, Admiral Moe Aung, Dr Kan Zaw, U Ko Ko Lwin and Dr Myo Thein Kyaw, Chief Minister of Bago Region U Myo Swe Win and senior military officers from the Office of the Commander-in-Chief, Myanmar Ambassador to the Russian Federation U Thit Lin Ohn, deputy ministers, Governor of Saint Petersburg Mr. Alexander Beglov, the Russian Ambassador to Myanmar, members of the Saint Petersburg government, Myanmar Consul-General U Aung Pe Thet and officilas, officer trainees studying in Saint Petersburg and guests.

They all saluted with the national anthems of the Republic of the Union of Myanmar and the Russian Federation.

Senior General Min Aung Hlaing, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Governor of Saint Petersburg Mr. Alexander Beglov cut the ribbon to open the consulate-general.

Speaking on the occasion, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe extended greetings, saying that although Myanmar and Russia are geographically far apart, the close ties between their peoples have allowed them to establish a strong and friendly diplomatic relationship throughout history. To further enhance the growing bilateral cooperation, Myanmar has opened two consulates-general in the key cities of Saint Petersburg and Novosibirsk. The establishment of a Myanmar Consulate-General in Saint Petersburg, a city with a rich historical heritage and a hub for politics, economy, modern science, and technology in Russia, is believed to contribute significantly to the mutual interests of both nations.

Governor of Saint Petersburg Mr. Alexander Beglov also made a speech, saying that due to the strong and friendly relations between Russia and Myanmar, we have been able to open the Myanmar Consulate-General in Saint Petersburg, Russia. The establishment of the consulate-general will further enhance and strengthen the relationship between the two countries. All are also grateful to the Chairman of the State Administration Council and Prime Minister for facilitating the swift establishment of the Myanmar Consulate-General. The Consulate-General will serve as a bridge between Russia and Myanmar, bringing numerous benefits to both nations.

The Deputy Prime Minister and Union Minister for Foreign Affairs presented commemorative gifts to the Senior General and the Governor of Saint Petersburg.

The Senior General and attendees to the ceremony had documentary photos taken.

100



Deputy Prime Minister and Union Minister for Foreign Affairs U Than Swe presents a gift commemorating the opening ceremony of the Consulate General in St. Petersburg to Governor Alexander Beglov.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး(၂/၂၀၂၅) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား




နေပြည်တော် မတ် ၆

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏(၂/၂၀၂၅)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁)နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ သီးခြားဖိတ်ကြားထားသည့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပထမအကြိမ်ကော်မရှင်အစည်းအဝေးကျင်းပပြီးချိန်မှစ၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားအများဆုံး ၅၄၅ မဂ္ဂါဝပ်ပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး အများပြည်သူသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကာလတိုအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်ခြင်းများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်ခဲ့ရာ ကော်မရှင်အနေဖြင့် ဦးစားပေးလုပ်ငန်းလမ်းညွှန်ချက်သတ်မှတ်ထားရှိပြီး နေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများကို ဓာတ်အားစနစ်ဖြင့်ချိတ်ဆက်ခြင်းအပြင် ဝေးလံကျေးလက်ဒေသများအတွက် ဓာတ်အားစနစ်ပြင်ပသီးခြားဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် တင်သွင်းလာသည့်ပစ္စည်းများ၏အရည်အသွေးကောင်းမွန်ခြင်းရှိ/မရှိ ပြည်တွင်းနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသည့်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးကြပ်မတ်ရန် လိုအပ်သလို ပစ္စည်းများတပ်ဆင်ခြင်း၊ ဓာတ်အားထုတ်ယူသုံးစွဲခြင်းများကိုလည်း သတ်မှတ်ထားသည့် နည်းပညာပိုင်းဆိုင်ရာ စံပြုလုပ်ငန်းစဉ် (SOP) စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာန၏အားထုတ်ကြိုးပမ်းမှုကြောင့် ဓာတ်အားထုတ်လုပ်မှုအတွက် ဖြန့်ဖြူးပေးနေသည့် ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ကို ယခင်ခွဲတမ်းထက် တစ်ရက်လျှင် ၃၀ ကုဗပေသန်း ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ဓာတ်အားစနစ်အတွင်း ဓာတ်အားမဂ္ဂါဝပ် ၁၁၀ ခန့်ပိုမိုရရှိဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ သဘာဝဓာတ်ငွေ့သည် လျှပ်စစ်ကဏ္ဍအတွက်သာမက စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ဓာတ်မြေသြဇာထုတ်လုပ်ရန်အတွက်ပါ အသုံးပြုနေရသည့် မဟာဗျူဟာမြောက်လောင်စာဖြစ်သောကြောင့် ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကြိုးပမ်းရန် လိုအပ်သလို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များရှာဖွေဖော်ထုတ်နိုင်ရေးကိုလည်း ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း။

ယခင်က ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများဆောင်ရွက်ခဲ့သည့် ဒေသများတွင် စွမ်းအင်ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာစီမံကြီးကြပ်မှုနှင့် စံသတ်မှတ်တွင်း (Standard Well) တူးဖော်သည့်စနစ်ဖြင့် ခွင့်ပြုနိုင်ရန်စီစဉ်ဆောင်ရွက်နေကြောင်း၊ လက်ရှိကမ်းလွန် စီမံကိန်းများမှ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့တိုးမြှင့်ရရှိဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သလို ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း သတ်မှတ်ချိန်များအတိုင်းစတင်နိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လက်ရှိရေနံချက်စက်ရုံများအား အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများဆောင်ရွက်ပြီး အရည်အသွေးပြည့်ဝသည့်စက်သုံးဆီများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးလာနိုင်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှစက်သုံးဆီတင်သွင်းမှုကိုလျှော့ချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအတွက်အဓိကသွင်းအားစုဖြစ်သည့် အရည်အသွေးပြည့်မီသည့် ဓာတ်မြေသြဇာများကိုပြည်တွင်းတွင်ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်များ ကြံ့ခိုင်မှုပြည့်ဝရေး၊ ယိုစိမ့်လေလွင့်ဆုံးရှုံးမှုမရှိစေရေး လိုအပ်သလို စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေရှည်တွင် လျှပ်စစ်ကဏ္ဍ၌ ရုပ်ကြွင်းလောင်စာများအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကိုတိုးမြှင့်အသုံးပြုသွားရန် လိုအပ်မည်ဖြစ်၍ ယခုကတည်းက အစီအမံများစနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ ရေအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ရေအရင်းအမြစ်များကိုအသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ကာလရှည်အစီအမံချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ရာ နိုင်ငံတော်အကြီးအကဲမှညွှန်ကြားထားသော ဘက်စုံအကျိုးဖြစ်ထွန်းစေမည့် အနိမ့်တမံရေအားလျှပ်စစ်ထုတ်ယူသည့်စနစ်ကို သေချာစွာစဉ်ဆက်မပြတ်လေ့လာဆောင်ရွက်သွားရန်ပြောကြားလိုကြောင်း၊ စီမံကိန်းကြီးများ မြန်ဆန်ပြီးစီးစေရေးအတွက် စီမံကိန်းမြေယာအခက်အခဲများကို ဖြေရှင်းကျော်လွှားရန် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းအောင်ဆောင်ရွက်သွားခြင်းဖြင့် ဓာတ်အားခဆုံးရှုံးမှုလျော့နည်းပြီး နိုင်ငံတော်ဘဏ္ဍာလည်းတိုးတက်ရရှိစေမည်ဖြစ်သည့်အတွက် ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် အထူးစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး တရားမဝင် ဓာတ်အားသုံးစွဲမှုများကို ပုံမှန်စစ်ဆေးဖော်ထုတ်သွားရန်လိုကြောင်း။

ထို့ပြင် မတ်လ ၁၇ ရက်မှ ၂၂ ရက်အတွင်း တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်/ကောလိပ်စာမေးပွဲများတစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည့်အတွက် စာမေးပွဲဖြေဆိုချိန်ကာလနှင့် စာကျက်မှတ်ချိန်ကာလများအတွင်း ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး အထူးအလေးထားဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကကျသည့်အတွက် လိုအပ်သည်များပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် ကျယ်ပြန့်ပြီး သက်ဆိုင်ရာ Stake-holder အားလုံးပေါင်းစပ်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူများအားလုံးပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက ကော်မရှင်အစည်းအဝေး(၁/၂၀၂၅)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက်ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ကော်မရှင်တွဲဖက်အတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်စင်တို့က ကော်မရှင်အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာစီမံကိန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက် ကော်မရှင်အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး၊ Renewable Energy – RE များ တိုးတက်ထုတ်ယူသုံးစွဲနိုင်ရေးဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ကော်မရှင်အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်း ဆောင်ရွက်ဆဲ/ ဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

## ၆-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၆

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့ပါသည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၀ ရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်းပါတီ ၇၀ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၏ သက်တော် ၉၃ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ကြည်ညို



နေပြည်တော် မတ် ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၏ သက်တော် ၉၃ နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါပေါက်မြိုင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒနှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာတော်ကြီးများ၏ တပည့် ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တေးသံရှင် ဝိုင်းလမင်းအောင်က အရှင်ဝရဇာလင်္ကာရာဘိဝံသ (အမရပူရ- မဟာဂန္ဓာရုံ)ရေးသားပူဇော်သည့် မဟာဂုဏပူဇာပတ္ထနာတေးထပ်ဖြင့် သီဆိုပူဇော်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယကဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်အပူဇော်ခံတော်မူကြမည့် ဘွဲ့ခံဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင် ဆရာကြီးများအား နေပြည်တော်မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်း၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူမည့်မဏ္ဍပ်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# MSME များ ဖွံ့ဖြိုးရေးအတွက် အစားအသောက်ဓာတ်ခွဲခန်းစင်တာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိ




နေပြည်တော် မတ် ၆

မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂)ဖြင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက ဆောင်ရွက်သော နေရောင်ခြည်စွမ်းအင်ပြခန်းနှင့် ဆိုလာသင်တန်းစင်တာဖွင့်ပွဲ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဓာတ်ခွဲခန်းစင်တာဖွင့်ပွဲနှင့် ဆိုလာစနစ်များအသုံးပြုမှုမြှင့်တင်ရေးနှီးနှောဖလှယ်ပွဲ အခမ်းအနားများကို ယနေ့တွင် ရန်ကုန်မြို့ရှိ အဆိုပါဦးစီးဌာန၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr. Zheng Zhihong၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ စက်မှုလက်မှုနှင့် ဆိုလာကုမ္ပဏီများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေရောင်ခြည်စွမ်းအင်ပြခန်း၊ ဓာတ်ခွဲခန်းစင်တာကို ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ရင်းမြစ်များမှ အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်ပြခန်း၌ ဆိုလာအသိပညာများနှင့် ဆိုလာသင်တန်းစင်တာ၌ ခေတ်မီနည်းပညာများကို လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် MSME များ ဖွံ့ဖြိုးရေးအတွက် အစားအသောက်ဓာတ်ခွဲခန်းစင်တာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ယခုစီမံကိန်းမှတစ်ဆင့် နည်းပညာဆက်လက်မြှင့်တင်သွားရန်နှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် တရုတ်သံမှူးကြီး Dr. Zheng Zhihong က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာနှင့် နေရောင်ခြည်စွမ်းအင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆိုလာစနစ်များအသုံးပြုမှုမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲတက်ရောက်ပြီး နိုင်ငံတကာနှင့် ပြည်တွင်းဆိုလာပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဖက်စပ်လုပ်ငန်းများ၊ အစိုးရနှင့်ပုဂ္ဂလိကနည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၆

ဖက်စပ်လုပ်ငန်းများ၊ အစိုးရနှင့်ပုဂ္ဂလိကနည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အစိုးရဌာနအဖွဲ့အစည်းများတွင် ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ (Joint Venture)၊ အစိုးရနှင့်ပုဂ္ဂလိကတို့ အကြားနည်းလမ်းအမျိုးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများက စီမံကြီးကြပ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းနှင့်စာရင်းများစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်နေသူ(PAPP) များ ခန့်ထားရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့်တာဝန်များကို ပိုမိုရှင်းလင်းလွယ်ကူပြီး လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ယနေ့ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာဖြူအေးက ဖက်စပ်ကုမ္ပဏီများ၊ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စီမံကိန်းစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြဇင်က နည်းလမ်းအမျိုးမျိုးဖြင့်ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ကြီးကြပ်မှု၊ စီမံခန့်ခွဲမှုဖြင့်ဆောင်ရွက်သည့် အခြားရန်ပုံငွေစာရင်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့်စာရင်းလုပ်ငန်းလုပ်ကိုင်နေသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး မေးမြန်းမှုများအပေါ် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ ဒုတိယစာရင်းစစ်ချုပ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်စာရင်းလုပ်ငန်းလုပ်ကိုင်နေသူများက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ တာဝန်ရှိသူများ၊ အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းလုပ်ငန်းလုပ်ကိုင်နေသူများက Online ဖြင့် လည်းကောင်း တက်ရောက်ကြသည်။ **(၅၀၀)**

# ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနော်သစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ်မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ပည်းမော်ကွန်း တည်စေညွှန်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွန့်

၅။ **နိုင်ငံ့လူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနော်ဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ပည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို စျေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနော်ဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဇာတိသွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲဝံ့ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွှေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဋ္ဌဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နှုပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ချောင်းဦးမြို့နယ်၌ ဂျုံသီးနှံ ၁၂၀၇ ဧကစိုက်ပျိုးပြီးစီး

ချောင်းဦး မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဂျုံသီးနှံ ၁၂၀၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

ချောင်းဦးမြို့နယ်၌ ဂျုံ ဧက ၁၂၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၁၂၀၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဂျုံသီးနှံစိုက်ပျိုးမည့်တောင်သူများကို ဂျုံအထွက်နှုန်းတိုးရေးအတွက် တောင်သူများအား ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်း မျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲခတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ (၄၀၉)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်စဉ်။

**နေပြည်တော် မတ် ၆**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦးကို ယနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ploen Klinpayom နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှတာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၄၃၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၂၁၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၁၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၄၃၄၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၆**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိမိုးကုတ်ဓမ္မရိပ်သာကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၅ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၀ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရေစကြိုမြို့နယ်၊ ဇရပ်နီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသား ဝါဒဖြန့်

**နေပြည်တော် မတ် ၆**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဇရပ်နီကျေးရွာကို မတ်လ ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ တစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ရေစကြိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက နေအိမ်အချို့ကို မီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zin Moe Myint" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်နေ ဇင်မိုးမြင့်(ခ)မိုးလေးအား ည ၇ နာရီ ၄၀ မိနစ်တွင် ကမာရွတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လိုအပ်မည်ဆိုပါက တရုတ်နိုင်ငံနှင့် စစ်မက်ပြုရန်အသင့်ရှိဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးပြော




ဝါရှင်တန်၊ စစ်ရေး

အမေရိကန်ပြည်ထောင်စုအနေဖြင့် လိုအပ်မည်ဆိုပါက တရုတ်နိုင်ငံနှင့် စစ်မက်ပြုရန် အသင့်ရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ပိဟတ်ဆက်က ပြောကြားခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံက အမေရိကန်နှင့်မည်သည့် စစ်ပွဲမျိုးကိုမဆို ဆင်နွှဲရန်အသင့်ရှိသည်ဟု အမေရိကန်ရှိတရုတ်သံရုံးက ပြောကြားခဲ့ပြီးနောက် ပိဟတ်ဆက်က Fox သတင်းဌာနနှင့် မတ်လ ၅ ရက် အစောပိုင်းက လုပ်ဆောင်သည့် တွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် ပြောကြားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အယူအဆအမျိုးမျိုးခံယူထားသည့်ဩဇာအာဏာရှိ နိုင်ငံကြီးများတည်ရှိသော အန္တရာယ်ကြီးမားသည့် ကမ္ဘာကြီးပေါ်တွင် တည်ရှိလျက်ရှိကြောင်း၊ အဆိုပါနိုင်ငံကြီးများသည် အမေရိကန်၏နေရာတွင် အစားထိုးဝင်ရောက်နိုင်ရေးအတွက် ကာကွယ်ရေးအသုံးစရိတ်များတိုးမြှင့်သုံးစွဲ၍ နည်းပညာများကိုလည်း အဆင့်မြှင့်တင်လျက်ရှိကြောင်း ပိဟတ်ဆက်က ဆက်လက်ပြောကြားသည်။

ထို့ကြောင့် အမေရိကန်အနေဖြင့် တရုတ်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံတို့နှင့် ဖြစ်ပွားမည့်စစ်ပွဲကို တားဆီးနိုင်ရေးအတွက် အင်အားတောင့်တင်းရန်လိုအပ်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တသည့် နိုင်ငံများကလည်း စစ်ပွဲအတွက်အသင့် ပြင်ဆင်ရမည်ဖြစ်သည်ဟု ၎င်းက တွေ့ဆုံမေးမြန်းခန်းတွင် ဆက်လက်ပြောကြားခဲ့ကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စုရှိ တရုတ်သံရုံး၏ အဆိုပါပြောကြားချက်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံမှုကြောင့် တရုတ်နှင့် အမေရိကန်တို့ကြား ကုန်သွယ်ရေးတင်းမာမှုများ ဖြစ်ပွားနေစဉ်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref: RT

# မက်ခရွန်၏နျူကလီးယားလက်နက်အသုံးပြုရေးဆွေးနွေးမှုကို ခြိမ်းခြောက်မှုအဖြစ် သဘောထားဟုလက်ရော့ဆို

မော်စကို၊ လုံခြုံရေး

ဥရောပသမဂ္ဂ သို့မဟုတ် အီးယူအဖွဲ့ဝင်နိုင်ငံအားလုံးကို ကာကွယ်ပေးနိုင်ရန်အတွက် နျူကလီးယားလက်နက်အသုံးပြုရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမည်ဟူသော ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၏ ပြောကြားချက်ကို ခြိမ်းခြောက်မှုတစ်ခုအဖြစ်သဘောထားသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က မတ်လ ၆ ရက်တွင်ပြောသည်။

ပြင်သစ်နိုင်ငံအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံအားလုံးကို ကာကွယ်ပေးနိုင်ရန်အတွက် နျူကလီးယားလက်နက်အသုံးပြုရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ပြီး အီးယူနိုင်ငံများကလည်း ငြိမ်းချမ်းရေးအတွက် ၎င်းတို့၏ကာကွယ်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ထားကြရန် သမ္မတမက်ခရွန်က မတ်လ ၅ ရက်အစောပိုင်းတွင် တိုက်တွန်းခဲ့ကြောင်းသိရသည်။

ထို့ပြင် ပြင်သစ်အစိုးရသည် လာမည့် ရက်သတ္တပတ်တွင် ယူကရိန်းနိုင်ငံသို့ စစ်သည်များ စေလွှတ်ရန်ဆန္ဒရှိနေသည့် အီးယူနိုင်ငံများမှစစ်ဦးစီးချုပ်များနှင့်တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကျင်းပ၍ ယူကရိန်းအရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း မက်ခရွန်က ဆက်ပြောသည်။

ပြင်သစ်သမ္မတမက်ခရွန်သည်ရှေးယခင်က ပြင်သစ်စစ်ဘုရင် နပိုလီယံဘိုနာပတ်နှင့် ဂျာမနီမှ နာဇီခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာတို့ကဲ့သို့ ရုရှားအပေါ်အနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း လက်ရော့က တုံ့ပြန်ပြောကြားခဲ့ကြောင်းသိရသည်။

လက်ရှိတွင် ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့သည် ကမ္ဘာပေါ်တွင် နျူကလီးယားထိပ်ဖူး ၅၀၀၀ ကျော်စီ ပိုင်ဆိုင်ထားသည့် နျူကလီးယားအင်အားကြီးများအဖြစ် ရပ်တည်နေပြီး တရုတ်နိုင်ငံက နျူကလီးယား ထိပ်ဖူး ၅၀၀ ခန့်၊ ပြင်သစ်နိုင်ငံက ထိပ်ဖူး ၂၉၀ နှင့် ဗြိတိန်က ထိပ်ဖူး ၂၅၀ ခန့် ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref: RT, Nbc

## သတင်းတိုကဏ္ဍ

# တောင်ကိုရီးယားတွင် တိုက်လေယာဉ်တစ်စင်း စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်နေစဉ် ဗုံးများမတော်တဆပြုတ်ကျမှုကြောင့် လူ ၁၅ ဦး ဒဏ်ရာရ

တောင်ကိုရီးယားနိုင်ငံတွင် မတ်လ ၆ ရက် နံနက်ပိုင်းက တိုက်လေယာဉ်တစ်စင်းက စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်နေစဉ် ဗုံးများမတော်တဆပြုတ်ကျခဲ့ခြင်းကြောင့် အနည်းဆုံး လူ ၁၅ ဦး ဒဏ်ရာရရှိသွားကြောင်း တောင်ကိုရီးယားလေတပ်က ထုတ်ပြန်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို တောင်ကိုရီးယားလေတပ်က အမေရိကန်စစ်ဘက်နှင့် ပိုချွန်မြို့အနီး၌ ပူးတွဲလုပ်ဆောင်ခြင်းဖြစ်ပြီး ၎င်းစစ်ရေးလေ့ကျင့်မှုအတွင်း တောင်ကိုရီးယားလေတပ်မှ KF-16 တိုက်လေယာဉ်တစ်စင်းက ယင်းမြို့အနီးရှိ ကျေးရွာတစ်ရွာအပေါ်သို့ ဗုံးရှစ်လုံးပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးရွာအတွင်းသို့ ဗုံးများမတော်တဆပြုတ်ကျမှုကြောင့် စစ်သည်နှစ်ဦးနှင့် နိုင်ငံခြားသားနှစ်ဦးအပါအဝင် အနည်းဆုံး ၁၅ ဦး ဒဏ်ရာရရှိသွားကြောင်းနှင့် ၎င်းတို့အနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း မီးသတ်အေဂျင်စီက ထုတ်ပြန်သည်။

ထို့ပြင် ဗုံးများမတော်တဆပြုတ်ကျမှုအတွင်း လူနေအိမ်ခုနစ်လုံးခန့်ပျက်စီးသွားကြောင်းသိရသည်။ အဆိုပါမတော်တဆမှုနှင့်စပ်လျဉ်း၍ လေတပ်ဒုတိယစစ်ဦးစီးချုပ်က ဦးဆောင်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

Ref: RT, Ivt

---

# ဩစတြေးလျနိုင်ငံတွင် ခရီးသည်တင် လေယာဉ်တစ်စင်းအပေါ် လက်နက်ဖြင့် တက်ခဲ့သည့် ဆယ်ကျော်သက်အားဖမ်းဆီး

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် မတ်လ ၆ ရက် မွန်းလွဲပိုင်းက ခရီးသည်တင် လေယာဉ်တစ်စင်းအပေါ် လက်နက်ဖြင့်တက်ခဲ့သည့် ဆယ်ကျော်သက်တစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၁၇ နှစ်အရွယ် အဆိုပါဆယ်ကျော်သက်ယောကျ်ားလေးသည် မဲဘုန်းမြို့လယ်ခေါင်မှ ၅၀ ကီလိုမီတာကျော်အကွာရှိ အေဗလွန်လေဆိပ်အတွင်းသို့ လုံခြုံရေးစည်းရိုးများကိုကျော်ဖြတ်၍ လေဆိပ်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။ ထို့နောက် ၎င်းသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၀ မိနစ်ခန့်တွင် လေယာဉ်အပေါ်သို့ တက်ရောက်ခဲ့ပြီးနောက် လေယာဉ်ပေါ်ရှိ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများက ၎င်းအားဝိုင်းဖမ်း၍ ရဲတပ်ဖွဲ့လက်သို့ အပ်နှံခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းနောက် ရဲတပ်ဖွဲ့သည် ၎င်းထံမှ အိတ်နှစ်လုံးနှင့် မော်တော်ကားတစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ဗုံးရှင်းလင်းရေးတပ်ဖွဲ့ကိုပါ ခေါ်ယူခဲ့ရကြောင်းသိရသည်။

Ref: Xinhua

# အမေရိကန်သို့ဝင်ရောက်လာသည့် ယူကရိန်းနိုင်ငံသား ၂၄၀၀၀၀ ခန့်၏ ယာယီနေထိုင်ခွင့်များကို ရုပ်သိမ်းရန် ထရမ့်စီစဉ်



ဝါရှင်တန်၊ ပြည်တွင်းရေး

ယူကရိန်းပဋိပက္ခကြောင့် ယူကရိန်းနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်လာသည့် ယူကရိန်းနိုင်ငံသား ၂၄၀၀၀၀ ခန့်၏ ယာယီနေထိုင်ခွင့်များကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက ရုပ်သိမ်းရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ထရမ့်အစိုးရက ယခုနှစ် ဧပြီလအတွင်း စတင်ရန်စီစဉ်ထားပြီး နောက်ပိုင်းတွင် ၎င်းယူကရိန်းနိုင်ငံသားများအား ပြည်နှင်ဒဏ်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုရှိ ယူကရိန်းနိုင်ငံသားများ၏ ယာယီနေထိုင်ခွင့်အား ပြန်လည်ရုပ်သိမ်းမည့် အစီအစဉ်သည် ထရမ့်အစိုးရ၏ နိုင်ငံအတွင်းရှိ တရားမဝင် ဝင်ရောက်လာသူ တိုက်ဖျက်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ယူကရိန်းနိုင်ငံမှအမေရိကန်ပြည်ထောင်စုသို့ဝင်ရောက်လာသည့် ယူကရိန်းနိုင်ငံသားများအား ယခင်ဂျိုးဘိုင်ဒင်အစိုးရက လူသားချင်းစာနာမှုဖြင့်လက်ခံ၍ နိုင်ငံအတွင်း၌ ယာယီနေထိုင်ခွင့်ပေးထားခြင်းဖြစ်သည်။

ထရမ့်အစိုးရသည် ယခုလအတွင်း အမေရိကန်နိုင်ငံအတွင်းရှိ ကျူးဘား၊ ဟေတီ၊ နီကာရာဂွါနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ နိုင်ငံသား ၅၃၀၀၀၀ ခန့်၏ ယာယီနေထိုင်ခွင့်ကို ရုပ်သိမ်း၍ ၎င်းတို့၏ နေရင်းနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref: Sputnik, DM



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Lemon Tea
Tea Mix
Black Tea
SHWE PHE OO
ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ







၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖမ်းဆီးရမိမှု။







၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိပြီး တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း သတင်းရရှိမှု (၅၇) ကြိမ်ရရှိခဲ့ပြီး သတင်းမှား (၂) ကြိမ်နှင့် ဖမ်းဆီးရမိမှု (၅၅) ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၉၆ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၈ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၃ ဒသမ ၂၂၄ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ရေယာဉ်နှင့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၅၄၉၃ ဒသမ ၂၂၄ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၀၉၈ ဒသမ ၆၄၅ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍လက်ကိုင်ဖုန်း-၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၁၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၅ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာစစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာ လမ်းဆုံ၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ (၁၃၂)ဂါလန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၌ တရားမဝင် အခြားသစ် (၂၁ ဒသမ ၄၃၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၅၈၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus (၁)စီး၊ Sunlong Bus (၁)စီး၊ Higer Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၄ ဒသမ ၅၀၁)တန်၊ သစ်မာ (၂ ဒသမ ၅၄၀)တန်၊ အခြားသစ်(၂ ဒသမ ၄၆၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၁၀၃၂၅) ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၅၉၆၀၃၂၅)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၇၃၃၅၅၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Station Wagon (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၂၁၅၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၉၅၆၀၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၅ ရက်တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၂၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၀၇၃၃၂၀)**ကို ဖမ်းဆီးရမိခဲ့ပါသည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက်မကြီးရ။

( ဂ ) အခြေခံပညာ အဋ္ဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက် လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။




### ပျောက်ဆုံးကြောင်း

ဦးသောန(ခမည်းတော်)ဦးရွှေသိန်း ၁၀/သထန(သ)၁၀၂၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်နေ မကြယ်စင်ချို(ဘ)ဦးဆန်းဝင်း ၉/ကဆန(နိုင်)၂၆၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 484234)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၅၆၆၇၈၉

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ ဒေါ်ဆင့်ဆင့်(ဘ)ဦးကျော်မြင့် ၉/ကဆန(နိုင်)၁၂၇၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 478627)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၅၆၆၇၈၉

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်နေ မောင်ဇင်ကိုထွန်း(ဘ)ဦးချစ်သိန်း ၉/အမဇ(နိုင်)၀၃၉၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၅၆၆၇၈၉

### ပျောက်ဆုံးကြောင်း

ညွှန့်ညွှန့်လွင်(ဘ)ဦးဌေးလွင် ၁၂/ကမတ(နိုင်)၀၅၀၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၁၃၆၄၅

### ပျောက်ဆုံးကြောင်း

စစ်တွေမြို့၊ ဓညဝတီရပ်ကွက်နေ အောင်မင်းခိုင်(ဘ)ဦးမောင်စိန်ညွှန့် ၁၁/မပန(နိုင်)၁၁၉၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 609732)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၃၇၁၂၁၇

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ အိမ်အမှတ်(၂/၉၄)နေ မဝါဝါ(ဘ)ဦးစောဝင်းကြည် ၉/ပမန(နိုင်)၁၂၂၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 498336)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၉၉၀၅၈

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့်
## လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Steel wash Basin, Plastic Resin, Electronic ပစ္စည်းများ၊ ကလေးစီးစက်ဘီးများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - (၂၁-၃-၂၀၂၅)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ

(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - Steel wash Basin, Plastic Resin, Electronic ပစ္စည်းများ၊ ကလေးစီးစက်ဘီးများနှင့် အထွေထွေကုန်ပစ္စည်းများ။

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်)တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် (၁၇-၃-၂၀၂၅)ရက်နေ့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား (၁၈-၃-၂၀၂၅)ရက်နေ့မှ (၂၀-၃-၂၀၂၅)ရက်နေ့အထိ ရုံးဖွင့်ရက် နံနက်(၁၀:၀၀)နာရီမှ ညနေ(၁၅:၀၀)နာရီအထိ (၃)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း(၀၉-၇၇၅၀၇၇၁၁၃)သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၉-ဂ)ပူစနက်ကျင်း၊ ဦးပိုင်အမှတ်(၃၂)၊ (အလျား ၂၅'-၀"x အနံ ၈၀'-၀")ဦးခင်မောင် အမည်ပေါက်ဝိုင်းမြေပေါ်တွင် ဦးမြင့်အောင်(၉/မခန(နိုင်)၀၁၄၈၄၂)ကိုင်ဆောင်သူမှ(အလျား ၁၅'-၀"x အနံ ၂၀'-၀") Iron Frame(၁)ထပ် Slab မိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီးလမ်းများပေါ်ရှိ လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်းများအတွက် ယှဉ်ပြိုင်နည်းလမ်းဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ လမ်း/တံတားအသုံးပြုခကောက်ခံရေးဂိတ်(၂၈)ခု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လမ်း-တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ကို နိုင်ငံသားများသို့ (၂၈-၃-၂၀၂၅)ရက်နေ့ (၀၉:၃၀)နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် လေလံရောင်းချမည်ဖြစ်ပါသည်-

(က) ယှဉ်ပြိုင်နည်းလမ်းဖြင့်ကောက်ခံမည့်လမ်းဂိတ်များ၏ကြမ်းခင်းဈေး (ကျပ်သိန်း)

| | | | |
|---|---|---|---|
| (၁) | တမူးခရိုင် | ပန်းသာဂိတ် | ၂၈၄.၀၂ |
| (၂) | မုံရွာခရိုင် | အရာတော်-နောင်ကြီးအိုင်ဂိတ် | ၄၁၆.၃၀ |
| (၃) | မုံရွာခရိုင် | မုံရွာ-နောင်ကြီးအိုင်ဂိတ် | ၄၀၆.၃၁ |
| (၄) | မုံရွာခရိုင် | အရာတော်ဂိတ် | ၄၄၀.၄၉ |
| (၅) | ရွှေဘိုခရိုင် | ရွှေဘို-ရေဦးဂိတ် | ၁၉၆.၆၆ |
| (၆) | ရွှေဘိုခရိုင် | ရေဦး-ခင်ဦးဂိတ် | ၅၅၉.၉၅ |
| (၇) | ရွှေဘိုခရိုင် | ရွှေဘို-မြစ်ကြီးနာ(ရွှေဘို)ဂိတ် | ၄၂၀.၀၀ |
| (၈) | ကန့်ဘလူခရိုင် | ကန့်ဘလူဂိတ် | ၁၄၄.၉၀ |
| (၉) | ကန့်ဘလူခရိုင် | စပယ်နံ့သာဂိတ် | ၃၇၁၈.၀၁ |
| (၁၀) | ကသာခရိုင် | ထီးချိုင့်ဂိတ် | ၂၂၀.၉၀ |
| (၁၁) | ကသာခရိုင် | နဘားဂိတ် | ၁၁၉၀.၀၀ |
| (၁၂) | ကောလင်းခရိုင် | မြေလင်းဂိတ် | ၃၂၉.၇၈ |
| (၁၃) | ကောလင်းခရိုင် | ကျောက်တန်းဂိတ် | ၆၄၀.၁၀ |
| (၁၄) | ကလေးခရိုင် | အင်ဒိုင်းကြီးဂိတ် | ၅၃၄.၉၁ |
| (၁၅) | ကလေးခရိုင် | ကလေး(ဂန့်ဂေါ)ဂိတ် | ၁၀၅၆.၁၂ |
| (၁၆) | ကလေးခရိုင် | ကျီကုန်းဂိတ် | ၇၁၁.၁၀ |

(ခ) ယှဉ်ပြိုင်နည်းလမ်းဖြင့်ကောက်ခံမည့် တံတားဂိတ်များ၏ ကြမ်းခင်းဈေး (ကျပ်သိန်း)

| | | | |
|---|---|---|---|
| (၁) | ရွှေဘိုခရိုင် | ရောဝတီ(ရတနာသိခ်)တံတားဂိတ် | ၃၀၅.၉၆ |
| (၂) | ရွှေဘိုခရိုင် | သမရိုးတံတားဂိတ် | ၂၁၀.၂၆ |
| (၃) | ကသာခရိုင် | နန့်မဟုတ်တံတားဂိတ် | ၃၅၀.၃၉ |
| (၄) | ကသာခရိုင် | ခွန်နန်းတံတားဂိတ် | ၃၅၀.၃၉ |
| (၅) | ကလေးခရိုင် | မြစ်သာ(ကလေးဝ)တံတားဂိတ် | ၅၉.၉၄ |
| (၆) | ကလေးခရိုင် | နေရှူရာတံတားဂိတ် | ၃၅၇.၆၀ |
| (၇) | ကလေးခရိုင် | ဘုံချောင်းတံတားဂိတ် | ၂၁၇.၀၀ |
| (၈) | ကလေးခရိုင် | ကမ္မားနီတံတားဂိတ် | ၄၅၅.၀၃ |
| (၉) | ဟုမ္မလင်းခရိုင် | ဥရုတံတားဂိတ် | ၆၅၄.၃၂ |
| (၁၀) | စစ်ကိုင်းခရိုင်(B.O.T လမ်းပေါ်ရှိ) | ညောင်ပင်ဝန်းတံတားဂိတ် | ၁၂၇၅.၉၃ |
| (၁၁) | ကသာခရိုင် | ထီးချိုင့်တံတားဂိတ် | ၂၃၄၆.၀၀ |
| (၁၂) | ယင်းမာပင်ခရိုင်(B.O.T လမ်းပေါ်ရှိ) | မြောက်ယမားတံတားဂိတ် | ၁၀၂၄.၀၀ |
| (၁၃) | ကသာခရိုင် | ရွှေလီ(ငါးအိုု့)တံတားဂိတ် | ၄၃၃.၅၀ |

၂။ လမ်း-တံတားဂိတ်တစ်ခုချင်းအလိုက် လေလံတင်သွင်းခွင့်လျှောက်လွှာများကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ထုတ်ယူနိုင်ပြီး လေလံတင်သွင်းလွှာများကို ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ (၁၉-၃-၂၀၂၅)ညနေ(၄:၀၀)နာရီ နောက်ဆုံးထားမှတ်ပုံတင်နိုင်ပါသည်။

၃။ စိတ်ပါဝင်စားကြေး၊ အာမခံကြေးနှင့် လေလံတင်သွင်းရန် အသေးစိတ်စည်းကမ်းများကို သိရှိလိုပါက လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ တယ်လီဖုန်းနံပါတ် ၀၉-၈၈၆၈၂၇၇၉၇ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံကြီးကြပ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

TRIONIX STUDIO LTD

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "TRIONIX STUDIO LTD"ကို အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၆ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဇင်ဝေ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(စဉ်-၂၁၀)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်လိုက်ပါသည်။

၃။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ ဧပြီလ၊ ၇ ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Su Sandi | ဦးဇင်ဝေ |
| Managing Director | လက်မှတ်ရပြည်သူ့စာရင်းကိုင်(စဉ်-၂၁၀) |
| TRIONIX STUDIO LTD | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | အမှတ်-၂၉၅၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၅ လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ ကွင်းအမှတ်(၂၄၄-ဂ)မြင်းခြံလမ်း၊ ဦးပိုင်အမှတ်(၁၀၀)၊ (အလျား ၅၁'-၀"x အနံ ၆၇'-၀")ဒေါ်ညွှန့်တင်အမည်ပေါက်ဝိုင်းမြေပေါ်တွင် ဒေါ်အေးသန်း(၈/ရစက(နိုင်)၀၈၇၅၆၄)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀"x အနံ ၄၀'-၀")(၁)ထပ် (အလျား ၃၀'-၀"x အနံ ၂၆'-၀")ရှိသော RC(၂)ထပ်အဆောက်အဦနှင့်ဝန်းခြံအရှည်(၁၁၈'-၀")ကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့်အုတ်ဝန်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

TELCON COMPANY LIMITED

### [လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ] အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသည့် နောက်ဆုံးအစည်းအဝေး Final Meeting for Dissolution တက်ရောက်ရန်ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် 105631510 အား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးကျင်းပသည့်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဦးကျော်ခိုင်လင်း၏ ရုံးခန်းလိပ်စာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံးတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြ၍ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

U Kyaw Khine Lin
Certified Public Accountant
Liquidator
Member of Myanmar Association of Insolvency Pratitioners
Building F, Room 12/4, Pearl Condo, Kabar Aye Pagoda Road,
Bahan Township, Yangon, Myanmar.

### "YU DUO DUO AQUACULTURE COMPANY LIMITED" According to Insolvency law of Section(151), Statutory declaration of solvency

At the Extraordinary General Meeting of the shareholders of the company held on(6th.March.2025)the resolution that company was winding-up voluntarily and U Zin Wai{B.Com(AA),C.P.A(210) Certified Public Accountant} was appointed as a liquidator was passed on Extraordinary General Meeting Resolution.For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on(6th.March.2025)or before that day.

| | |
|---|---|
| **Mr.Jiang, Yuebin** | **U Zin Wai{B.Com(AA),C.P.A(210)}** |
| **Managing Director** | **(MAIP MEMBERSHIP NO:00143)** |
| **Yu Duo Duo Aquaculture Co.,Ltd** | **No.295,1st Floor, Corner of Ahnawrahtar Road & 5th Street, Lanmadaw Township, Yangon.** |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍာမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင်ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၊ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို မတ်လ ၅ ရက်နေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်အစိုးရဧည့်ဂေဟာ K2 ၌ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ■